# ရေးလာတဲ့စာ

## အယ်ဒီတာခင်ဗျား ...

ကျနော်တို့ကျိုင်းတုံမြို့မှာသူခိုးတွေ အရမ်းသောင်းကျန်းလွန်းနေတဲ့အတွက် ရပ်ကွက်တိုင်းမှာ ၂၄ နာရီကင်းစောင့်နေရပါတယ်။ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ အိမ်သုံးပစ္စည်းအပါအဝင်ကြက်၊ဝက်၊ ဘဲပါမကျန် အားလုံး တခုမဟုတ်တခုအခိုးခံနေရပါတယ်။ အောက်တိုဘာလ ၁၆ ရက်မှာ ကျိုင်းတုံမြို့ရပ်ကွက် ၃ က ရွာသားတွေ သူခိုးဖမ်းမိလို့ရဲစခန်းသွားအပ်တော့ အဲဒီသူခိုးဟာ တိုင်းဗဟိုလေ့ကျင့်ရေးကျောင်းက စစ်သားဖြစ်နေတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းကလဲ ဆိုင်ကယ် ၂ စီးခိုးတဲ့သူခိုးဂိုဏ်းကိုလိုက်ဖမ်းတော့ကျိုင်းတုံမြို့တောင်ဘက် ၁၃ မိုင် အကွာမှာရှိတဲ့ တိုင်းဗဟိုလေ့ ကျင့်ရေး တပ်ကစစ်သားတွေပဲဖြစ်နေပြန်တယ်။ သက်ဆိုင်ရာက အဲဒီအပစ်ကျူးလွန်တဲ့သူတို့တပ်သားတွေကို အပစ်ပေးအရေးယူခြင်းမရှိပဲ လွှတ်ထားတာကြောင့် ကျနော်တို့ပြည်သူတွေမှာ အိုးအိမ်ဥစ္စာပစ္စည်းတွေအတွက် လုံခြုံမှုကင်းမဲ့နေပါတယ်။ ပြောတော့ ပြည်သူပြည်သားတွေရဲ့ အသက်အိုးအိမ်နဲ့ဥစ္စာပစ္စည်းကို ကာကွယ်ပေးနေတဲ့တပ်မတော်တဲ့၊ အပြောနဲ့အလုပ် တခြားစီဖြစ်နေပုံကို ရင်ဖွင့်လိုက်ရခြင်းပါခင်ဗျာ။

(ခေမရဋ္ဌသား)

## သျှမ်းသံတော်ဆင့် အယ်ဒီတာသို့ ...

ကျနော့်ရဲ့ဇာတိချက်ကြွေမွေးရပ်မြေဟာ လားရှိုးမြို့အရှေ့ဘက် ၃၂ မိုင်အကွာမှာရှိတဲ့ မိုင်းယော် ကျေးရွာအုပ်စု ဖြစ်ပါတယ်။ အသေးစားမြို့လေးလို့ဆိုရပါလိမ့်မယ်။ဘာဖြစ်လို့လဲဆိုတော့မိုင်းယော်ရဲ့ပတ်ပတ်လည်တောင်ကြောတွေပေါ်မှာ သျှမ်း၊ ပလောင် နဲ့ကချင်လူမျိုးတွေနေထိုင်တဲ့ကျေးရွာလေးတွေရှိပါတယ်။အဲဒီတောင်ပေါ်မှာနေတဲ့ ရွာသားတွေဟာဘိန်းစိုက်ပျိုးခြင်းဖြင့်အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။မိုင်းယော်ဈေးနေ့ဆိုရင်ဘိန်းခင်းပိုင်ရှင်ကအလုပ်သမားတွေအတွက်အစားအသောက်လာဝယ်နေကျမို့ အရမ်းကိုစည်ကားလှပါတယ်။

၁၉၉၇ ခုနှစ် နအဖရဲ့ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းချပြီးနောက်ပိုင်းမှာ ဘိန်းစိုက်ပျိုးမှုဟာနဲနဲလေးရဲသွားပါတယ်။ ဒါပေမဲ့သိပ်မကြာလိုက်ပါဘူး၊ မိုင်းယော်မှာ တပ်လာချတဲ့လားရှိုး ခလရ ၆၈၊ ခလရ ၄၁ စစ်တပ်က ဒေသခံတောင်ပေါ်သားတွေဆီက တနှစ်ဘိန်းခွန်အဖြစ် ဘိန်းခြိတကေကို ပိုက်ဆံ (သို့) ဘိန်းစိမ်း ၃၀၊ ၄၀ ကျပ်သားပေးလိုက်ရုံနဲ့အကန့်အသတ်မဲ့ဘိန်းစိုက်ခင်းဟာတစ် ခေတ်ပြန်လည်ဆန်းသစ်လာပါတယ်။သမ္မာအာဇီဝလုပ်စားနေကြတဲ့၊ စီးပွားရေးကျပ်တည်းမှုရင်ဆိုင်နေကြရတဲ့၊ တောင်ပေါ်ကလူတွေလောက် အခွင့်အရေးမရတဲ့၊ မြို့ကလူတွေတောင် စိုက်ခင်းအလုပ်သမားအဖြစ်လာလုပ်ကြတယ်။ဒါပေမဲ့ **သိသာသိစေမမြင်စေနဲ့** ဆိုသလို စစ်တပ်ကမြင်သွားရင်လည်းမြို့ထဲကလူတွေကိုတမျိုးတဖုံနှိပ်စက်ပြန်တယ်။

ကျနော့်ငယ်ဘဝ ရွာမှာနွားလှည်းအသုံးပြုရတဲ့ခေတ်ကစပြီး ပီကင်းဂျစ်ကားတွေသုံးနေတဲ့ခေတ်အထိ မြို့ပြင်ကတပ်စခန်းမှာ ၁ရွာ ၂ စင်း အပတ်တိုင်း Standby သွားစောင့်ပေးရတယ်။ ရွာထဲက မုဆိုးမနဲ့တခုလပ်တွေလည်း ၁ပတ် မှာ ၂ ယောက်စခန်းသွားစောင့်ပေးရတယ်။ စစ်တပ်က လိုအပ်တဲ့အချိန်မှာခိုင်းဖို့အဆင်သင့်ဖြစ်နေအောင်ရှိသမျှမိသားစုစားဝတ်နေရေးကို လျစ်လျူရှုပစ်ထားခဲ့ရပြီး ကျနော့်အစ်မ မုဆိုးမဆိုရင် အမြဲတမ်းသွားစောင့်ပေးရတယ်။

အမပြန်ပြောပြလို့ကျနော်သိရသလောက်တော့ သူတို့ခိုင်းတဲ့အလုပ်က တခြားရွာမှာရှိတဲ့သူတို့ရည်းစားဆီစာပို့ခိုင်းတာတို့၊ တောင်ပေါ်ရွာတွေဆီက ကြက်၊ ဝက်၊ ဘဲ ဆင့်ဆိုတောင်းတာတို့၊ ဆက်ကြေးသွားကောက်ခိုင်းတာတို့လောက်ပါဘဲ။ အခိုင်းခံရတဲ့ မုဆိုးမ၊ တခုလပ်တွေကလည်း စစ်တပ်တောင်းသမျှမပေးနိုင်တဲ့မရှိဆင်းရဲသားတွေပါ။

ဒီ့ပြင် ဗိုလ်မှူးဦးဆောင်တဲ့ စစ်တပ်နောက်လိုက် **သက ဆဖ** ခေါ် **မန်ပန်ဌါနေပြည်သူ့စစ်** လက်နက်ချအလင်းဝင် **ခွန်ဆာ** ရဲ့အကြွင်းအကျန်တပည့်ကျော်တွေကလည်း စစ်တပ်အားကိုးနဲ့ ရသမျှအခွင့်အရေးကို လက်လွှတ်မခံပဲ ပြည်သူကိုစိတ်တိုင်းကျခိုင်းစေနှိပ်စက်နေတော့တာဘဲ။ နအဖ ကသူတို့ကိုမိုင်းယော်မြို့တောင်ဘက်စူးစူး လွယ်ခေါ် ဆိုတဲ့ရွာလေးမှာအပိုင်စားစေဖို့နေရာချပေးတာ၊ သူတို့တပ်မှာ တရုတ်ဇီးသီးပင်တွေစိုက်ဖို့ဆိုပြီး မိုင်းယော်မြို့ထဲက ဆင်းရဲသားပြည်သူတွေကိုဆင့်ခေါ် ကျင်းတူးခိုင်းပြန်တယ်။အပြင်မှာနေ့စားသွားတူးရင် ၁ တောင် ပတ်လည်ကျင်းကို တစ်ထောင် ရတယ်။သူတို့ကတော့ ၇၀ ကျပ်ပဲပေးတယ်။ ယူရင်ယူ၊ မယူရင်လဲ **သကဆဖ** လူပါး၀ တွေအဖို့အနေသာကြီးပဲ။ ဒါပေမဲ့သူတို့ခေါ် လာရင် "မအားလို့ပါ" ဆိုပြီးတော့ မပြောလိုက်နဲ့။ ဆင့်ခေါ် တာမလာရင်နအဖစစ်တပ်ကိုသွားတိုင်တယ်။ အဲဒီလူတွေကိုတပ်စခန်းထဲမှာသန့်ရှင်းရေးလုပ်ခိုင်းတယ်။ ကျင်းတူးခိုင်းတယ်။ မြက်ပေါက်ခိုင်းတယ်။ မိုးလင်းကမိုးချုပ် အနားမပေး၊ ထမင်းမကျွေးဘဲ ဒရစပ်ခိုင်းတော့တာဘဲ။ဒီလိုနဲ့တနေ့တမျိုးမရိုးရလေအောင် စစ်တပ်က ရာသီမရွေးဆင့်ခေါ် ခိုင်းစေနေတဲ့လုပ်ရပ်ဟာ ကနေ့အထိ ရိုးရာကြီးတစ်ခုလိုဖြစ်နေပါပြီ။ ရွာသူကြီးတွေဆိုရင်မိုးလင်းတာနဲ့ "ဒီနေ့စစ်တပ်ကပေါ် မလာသေးပါလား" လို့တောင်မေးနေတတ်ပါပြီ။ ကဲကျနော်တို့အတွက် **လူ့အခွင့်အရေးဆိုတာဘာလဲ ဘယ်မှာလဲ။ ရပိုင်ခွင့်ဆိုတာ ဘယ်လိုမျိုးလဲ** လို့ ရွာသားတွေနားလည်အောင်၊ ခံစားခွင့်ရအောင် သျှမ်းသံတော်ဆင့်မှ တဆင့် ကူညီပြောပေးနိုင်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့–❑

မိုင်းယော် က စိုင်းနော်ဖ

# စစ်မိုလ်တစ်မတ်သား အခြေခံဥပဒေ

နအဖ ညောင်နှစ်ပင်ညီလာခံမှာ တပ်မတော်ရဲ့ဦးဆောင်မှုဆိုတဲ့ ဦးတည်ချက်အောက်မှာ အခြေခံမူအသေးစိတ်တွေ အတည်ပြုပြီးဖြစ်ကြောင်း 29/10/06 နေ့ထုတ် နအဖ သတင်းစာတွေမှာဖော်ပြထားပါတယ်။ ဒါပေမဲ့ အတိုက်အခံတွေကတော့ ဒါကိုလက်မခံနိုင်ဘူးလို့ဆိုနေပါတယ်။ နအဖ စစ်အစိုးရလိုချင်တဲ့မူတွေနဲ့ အတိုက်အခံတွေလိုက်လျောနိုင်တဲ့မူတွေအကြား စေ့စပ်လို့ရနိုင်မရနိုင် အမြင်အမျိုးမျိုးရှိနေကြပါတယ်။

နအဖ ရဲ့ညီလာခံအခြေခံမူတွေအကြောင်းဆွေးနွေးကြတဲ့အခါ လွှတ်တော်အသီးသီးမှာ ကာကွယ်ရေးဦးစီးချုပ်ကရွေးချယ်ပေးတဲ့ စစ်တပ်ကိုယ်စားလှယ် 25% ပါဝင်ရမယ်ဆိုတဲ့ အချက်ကိုပဲဦးစားပေးစဉ်းစားနေမိကြောင်း၊ တကယ့်တကယ်အဲဒီ 25% ကိစ္စထက်ပိုဆိုးတာက ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်သမတထက်ပိုပြီးလုပ်ပိုင်ခွင့်အာဏာရှိတဲ့ကိစ္စဖြစ်ကြောင်း ညီလာခံတက်ရောက်ဖူးသူတွေက ပြောပြကြပါတယ်။

ဒါ့အပြင်စစ်တပ်ကိုယ်စားလှယ်အများနဲ့ဖွဲ့စည်းမဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီက အစိုးရအဖွဲ့နဲ့ လွှတ်တော်ထက်ပိုပြီးအာဏာရှိနေတာကလဲ အဓိကပြဿနာတရပ်ကြီးဖြစ်တယ် လို့ပြောဆိုကြပါတယ်။ 1993 အမျိုးသားညီလာခံမှာ တက်ရောက်ခဲ့ဖူးသူ ဖယ်ခုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်းမားကိုဗန်းက အခုလိုသုံးသပ်ပါတယ်။

"တိုင်းပြည်ရဲ့မူလပိုင်ရှင်အစစ်အမှန်က ပြည်သူလူထုဖြစ်ပါတယ်။ ပြည်သူလူထုအပ်နှင်းပေးတဲ့ အာဏာသည်သာ တရားဝင်ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေကို 1990 ရွေးကောက်ပွဲအနိုင်ရ NLD တို့ UNLD တို့က အမတ်တွေအားလုံး ဦးဆောင်ရေးဆွဲရမှာဖြစ်တယ်။ စစ်တပ်က 25% မိုးကျရွှေကိုယ်ဖြစ်လာတာက ဒီမိုကရေစီကျင့်စဉ်နဲ့လုံးဝဆန့်ကျင်တယ်။ စစ်တပ် 25% မိုးကျရွှေကိုယ်ထက်ပိုပြီးဆိုးတာက အခြေခံမူ 104 ချက်မှာ သမတဟာ စစ်ဖက် ကျွမ်းကျင်သူဖြစ်ရမယ်၊ စစ်ဦးစီးချုပ်ရွေးချယ်တင်သွင်းသူသာလျှင် ပြည်ထောင်စုကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနယ်စပ်ရေးရာဝန်ကြီးဖြစ်ရမယ်။ တိုင်းနဲ့ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသတွေမှာ စစ်ဦးစီးချုပ်ရွေးပေးတဲ့ ကိုယ်စားလှယ်တွေပါရမယ် ဆိုတာတွေက တိုင်းပြည်ရဲ့အာဏာအားလုံးကို စစ်တပ်ကချုပ်ကိုင်ထားတယ် ဆိုတဲ့အချက်ဘဲ။ 25% ထက်ပိုဆိုးပါတယ်။ အဲဒီထက်ပိုဆိုးတဲ့အချက်က စစ်တပ်ဟာအချိန်မရွေး အာဏာသိမ်းပိုင်ခွင့်ရှိတယ်ဆိုတဲ့အချက်ဖြစ်တယ်။ နောက်အဆိုးဆုံးအချက်က တိုင်းပြည်အကျိုးအတွက်တပ်မတော်ဟာ ပြည်သူလူထုရဲ့အင်အားကို အသုံးပြုနိုင်တယ်တဲ့။ သေချာသုံးသပ်ကြည့်ရင် စစ်တပ်ကပြည်သူတရပ်လုံးပေါ် အတင်းအဓမ္မခိုင်းစေနိုင်တဲ့၊ ကျွန်ပြုနိုင်တဲ့အချက်ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတကာကလဲဝင်ပြောလို့မရတဲ့အနေအထားပါ။ အခြေခံဥပဒေနဲ့အကာအကွယ်ယူထားလို့ ဖြစ်ပါတယ်။"

ညီလာခံတက်ရောက်ခဲ့ဖူးသူ မိုင်းပြင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒယ်နီယယ်အောင်ကလဲ 25% ကိစ္စကို အခုလိုပြောပါတယ်။

*"25% ဆိုတာ ဒီမိုကရေစီမကျတာကိုပြောတာပါ။ ဒီထက်အရေးကြီးတာကတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကသမတထက်တောင် အာဏာပိုရှိတယ်ဆိုတာပါဘဲ။ ပိုအရေးကြီးတာက ကာကွယ်ရေးဦးစီးချုပ်ကို အာဏာအပြည့်အဝပေးထားတော့ တိုင်းပြည်ကိုသူ့သဘောနဲ့သူ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့သဘောဘဲ။"*

နအဖရဲ့အခြေခံမူ 104 ချက်အရ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီတရပ်ကိုဖွဲ့စည်းထားရှိရေးလဲပါဝင်ပါတယ်။ ဒီကောင်စီကိုအဖွဲ့ဝင် 11 ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး သမတ၊ ဒုသမတ 2 ဦး၊ ကာကွယ်ရေးဦးစီးချုပ်၊ ဒုကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး စတာတွေပါဝင်ပါတယ်။ အဖွဲ့ဝင် 11 ဦးအနက် 6 ဦးဟာစစ်ဖက်ကဖြစ်ပါတယ်။ ဒီကောင်စီက လွှတ်ငြိမ်းချမ်းသာခွင့်ပေးရေးကအစ ကာကွယ်ရေးဦးစီးချုပ်ခန့်ထားရေးအထိ သမတကိုအကြံပေးထောက်ခံချက်ပြုရမယ်ဆိုပြီး လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားပါတယ်။

ဒါကြောင့် ဒီကောင်စီဟာ အစိုးရနဲ့လွှတ်တော်ရဲ့အထက်မှာရှိနေတဲ့ အာဏာပိုင်အဖွဲ့အစည်းလိုဖြစ်နေပါတယ်။

29/10/06 ရက်နေ့ထုတ် နအဖ သတင်းစာပါတပ်မတော်အခန်း အခြေခံမူ 14 ချက်ထဲက နံပါတ် 5 အချက်မှာ "တပ်မတော်သည်အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ဦးဆောင်မှု ဖြင့်ပြည်သူ့စစ်မဟာဗျူဟာကိုဖော်ဆောင်ရမည်" လို့ပါရှိပါတယ်။ နံပါတ် 7 အချက်မှာလဲ "နိုင်ငံတော်သမတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရဲ့အကြံပြုချက်၊ အဆိုပြုထောက်ခံချက်သဘောတူချက်တွေအတွက် လွှတ်တော်ကိုတင်ပြစရာမလိုဘူးဆိုတာ ထင်ရှားနေပါတယ်။

ဒီလို စစ်တပ်ထာဝစဉ်ကြီးစိုးရေးအခြေခံမူတွေဟာ တိုင်းပြည်ရဲ့ တကယ်အသွင်ကူးပြောင်းရေးကို အထောက်အကူဖြစ်နိုင် မဖြစ်နိုင်သုံးသပ်လို့ရပါတယ်။

RFA (30/10/06) ညပိုင်းအစီအစဉ်



INDP 228.pmd 22 12/5/2006, 10:22 AM

# စစ်တပ်ကြီးစိုးရေး၊ နအဖ အခြေခံဥပဒေ အာမခံချက်ပေး

အောက်တိုဘာ 26-27 နေ့တွေမှာ နအဖ ညောင်နှစ်ပင်ညီလာခံက အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော် အခန်းကဏ္ဍနဲ့ပတ်သက်လို့အခြေခံရမဲ့ မူ 14 ချက်ကိုချမှတ်လိုက်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံအတွင်းမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးရဲ့အကြီးအကဲဖြစ်တယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့အဆင့်အတန်းကို နိုင်ငံတော်ဒုသမတရဲ့ အဆင့်အတန်းအဖြစ်သတ်မှတ်တယ်။ တပ်မတော်ဟာ တပ်ပိုင်းဆိုင်ရာကိစ္စတွေကို လွတ်လပ်စွာစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိတယ်။ စစ်ဘက်တရားစီရင်ရေးမှာ "တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့အဆုံးအဖြတ်ဟာ အပြီးအပြတ်ဖြစ်တယ်" စတဲ့အချက်တွေပါဝင်တယ်။ ဒီအခြေခံမူတွေကို လေ့လာဆန်းစစ်ကြည့်ရင် တိုင်းပြည်အတွက် အလားအလာ မကောင်းဘူးလို့နိုင်ငံတကာအခြေခံမူတွေကိုလေ့လာထားတဲ့ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ BLC အတွင်းရေးမှူး ဦးအောင်ထူးက သုံးသပ်ပါတယ်။

*"အခုသွားတဲ့အခြေခံဥပဒေကြောရိုးတခုလုံးက Military Supremacy လို့ခေါ်တဲ့ စစ်ဘက်ဆိုင်ရာကကျန်တဲ့လူ့အဖွဲ့အစည်း အစိတ်အပိုင်းအားလုံးအပေါ်မှာလွှမ်းမိုးကြီးစိုးတဲ့ အခြေခံမူကို လက်တွေ့ယန္တရားနဲ့ အညီတည်ဆောက်ဖို့ချမှတ်ကျင့်သုံးတဲ့အခြေခံဥပဒေဖြစ်တယ်။ ဒါကြောင့်ဒီအခြေခံဥပဒေအရ တကယ်အကျိုးရှိမှာက စစ်တပ်ပဲဖြစ်တယ်။ ကျန်တဲ့လူ့အဖွဲ့အစည်းနဲ့တပ်မတော်သားတွေတောင်မှ ထားရာနေ စေရာသွား၊ သတ်ရင်လဲသေရမဲ့ အခြေအနေမှာရှိတယ်။ ကျန်တဲ့ ရိုးရိုးနိုင်ငံသားတွေအတွက်ဆိုရင်လဲ ဘာမှမျှော်လင့်ချက်မရှိတဲ့ အခြေခံဥပဒေဖြစ်တယ်။"*

ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ပြောပြချက်အရ ဒီအခြေခံမူတွေကိုဒီနှစ်အစောပိုင်းဇန်နဝါရီလမှာ လုပ်ငန်းကော်မတီက ချပြခဲ့ပြီး ညီလာခံကိုယ်စားလှယ်တွေတုန့်ပြန်ဆွေးနွေးခဲ့ကြောင်း၊ ညီလာခံကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေ လေ့လာစီစစ်ပြီး ညီလာခံကျင်းပရေးကော်မရှင်ကိုတင်ပြခဲ့ရာမှာ အတည်ပြုပေးခဲ့ကြောင်းပြောပါတယ်။ ညီလာခံကိုယ်စားလှယ်တွေနဲ့ တုန့်ပြန်ဆွေးနွေးချက်ကိုလေ့လာစီစစ်ခဲ့တယ်လို့ပြောပေမဲ့ တပ်မတော် အခန်းကဏ္ဍနဲ့ပတ်သက်တဲ့ဒီအခြေခံမူ 14 ချက်ဟာဇန်နဝါရီလ ကချပြခဲ့တဲ့ အခြေခံမူ 14 ချက်နဲ့တထပ်တည်းတူနေတာတွေ့ရပါတယ်။ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်ရဲ့အခန်းကဏ္ဍအတွက် အခြေခံရမဲ့အချက် 14 ချက်အရ အဓိကကျတဲ့အချက် (သို့) အငြင်းပွားစရာအချက်တချို့ထဲမှာ တပ်မတော်ဟာ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ အဓိကတာဝန်ရှိတယ်လို့ပြောထားပါတယ်။

*"တကမ္ဘာလုံးမှာရှိတဲ့ တပ်မတော်တွေအားလုံး၊ ဒီမိုကရေစီ နိုင်ငံတွေမှာရော၊ တပါတီအာဏာရှင်ကွန်မြူနစ်နိုင်ငံတွေမှာရော တပ်မတော်ရဲ့ အဓိကတာဝန်ဟာ ၂ ချက်ပဲရှိပါတယ်။ ၁/တိုင်းပြည်ကိုပြည်ပအန္တရာယ်က ကာကွယ်ရေး ၂/ပြည်တွင်းမှာ သဘာဝဘေးအန္တရာယ်တွေကျရောက်လာရင် (သက်ဆိုင်ရာအစိုးရက တာဝန်ပေးအပ်ခဲ့ရင်) ဝင်ရောက်ကူညီဆောင်ရွက်ပေးရေး–ဒါပဲရှိတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် တပ်မတော်ရဲ့တာဝန်ဟာ အခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်တာနဲ့ဘာမှမဆိုင်ဘူး။* **ဗမာပြည်ရဲ့ လက်တွေ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် တပ်မတော်ဟာအခြေခံဥပဒေကို ဖျက်ခဲ့တာဘဲရှိတယ်။ ကာကွယ်စောင့်ရှောက်ခဲ့တာမရှိဘူး။ အတိအကျပြောရမယ်ဆိုရင် ၁၉၅၈ မှာကျင်းပခဲ့တဲ့ တပ်မတော် ညီလာခံမှာ ၁၉၄၇ အခြေခံဥပဒေကို အသက်ပေးပြီးကာကွယ်စောင့်ရှောက်ပါ့မယ်လို့အတိအလင်း ကနေ့အချိန်အထိ စာနဲ့မှတ်တမ်းတင်ထားခဲ့တာရှိတယ်။ အဲဒီလောက် အတိအကျ မှတ်တမ်းတင်ထားခဲ့တာတောင်မှ** *၁၉၄၇ အခြေခံဥပဒေကို ၁၉၆၂ ရောက်တော့ စက္ကူစုတ်တဆုပ်လိုဆွဲဖြဲပစ်လိုက်တယ်။ နောက်တခါ ၁၉၇၄ အခြေခံဥပဒေကို ဖျက်သိမ်းခဲ့တာလဲတပ်မတော်ပဲဖြစ်တယ်။ ဒါဖြင့်ရင် ဘာ့ကြောင့်ဒီမူကိုထည့်ဖို့ကြိုးစားသလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်ဖျက်ခွင့်ရအောင် ကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့နာမည်သုံးပြီး မူချမှတ်ဘို့ကြိုးစားတာပဲလို့ သုံးသပ်လို့ရပါတယ်။"*

နိုင်ငံတော်အတွင်းမှာရှိတဲ့လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ဟာတပ်မတော်ရဲ့ကွပ်ကဲမှုအောက်မှာရှိရမယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးရဲ့ အကြီးအကဲဖြစ်တယ်ဆိုတဲ့အချက်တွေကဘယ်လိုအကျိုးသက်ရောက်မှုရှိနိုင်ပါသလဲ?။

*"အင်မတန်မှအရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ တပ်မတော်နဲ့အခြားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုခွဲထားရပါ*


Photo : EPA

ညီလာခံသို့တက်ရောက်ကြသည့် ကိုယ်စားလှယ်တော်များ

တယ်။ရဲတပ်ဖွဲ့ရှိမယ်။အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့တွေရှိမယ်။ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့တွေရှိမယ်။ အခြားလက်နက်ကိုင်တပ်ဖွဲ့တွေကို တပ်မတော်နဲ့ခွဲထားရတာက ပုံမှန်အမြဲတမ်းရှိနေတဲ့ ***regular army*** လက်နက်ကိုင်တပ်ဖွဲ့နဲ့အပြန်အလှန်ကြပ်မတ်ထိန်းကြောင်းထားတာဖြစ်တယ်။ အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့တွေဟာ တပ်မတော်ကိုတာဝန်မခံရပါဘူး။ တက်လာတဲ့အစိုးရကို တာဝန်ခံရပါတယ်။ တက်လာတဲ့ အရပ်သားအစိုးရအပေါ် သစ္စာရှိရမယ်။ အစီရင်ခံတင်ပြရမှာက အစိုးရအဖွဲ့ဖြစ်တယ်။ တပ်မတော်အကြီးအကဲမဟုတ်ဘူး။ရဲတပ်ဖွဲ့လဲပဲတပ်မတော်နဲ့ရောအခြားလက်နက်ကိုင်တပ်ဖွဲ့နဲ့ရော ခွဲထားရမှာဖြစ်တယ်။ ရဲတပ်ဖွဲ့ဟာ သမာသမတ်ကျစွာအလယ်မှာရပ်တည်နေရမယ်။ ဆိုလိုတာက ရဲတပ်ဖွဲ့ဟာ နိုင်ငံတွင်းမှာ ဘယ်သူမဆိုပြစ်မှုကျူးလွန်တဲ့ ပုဂ္ဂိုလ်၊ ဥပမာ ဝန်ကြီးဖြစ်ဖြစ်၊ သမတဖြစ်ဖြစ်၊ ဗိုလ်ချုပ်တယောက်ဖြစ်ချင်လဲဖြစ်မယ်။ ဘယ်သူဘဲကျူးလွန်ကျူးလွန်၊ ရဲတပ်ဖွဲ့ကအဲဒီကျူးလွန်သူကို အရေးယူနိုင်ရမယ်၊ ဖမ်းဆီးရဲရမယ်၊ ရုံးတင်တရားစွဲရဲရမယ်။ အဲလိုဖြစ်နိုင်ဘို့ဆိုရင် ရဲတပ်ဖွဲ့နဲ့အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့ဟာ တပ်မတော်ရဲ့အောက်မှာသွားရှိလို့မရဘူး။ တပ်မတော်အောက်မှာထားရှိခြင်းအားဖြင့် စစ်ခေါင်းဆောင်တွေပြစ်မှုကျူးလွန်တာမှန်သမျှကိုလုံးဝအရေးယူခွင့်မရှိတော့ပဲနဲ့ပြည်ဖုံးကားချ လွတ်ငြိမ်းချမ်းသာခွင့်တသက်လုံးပေးတော့မယ့်သဘောဖြစ်တယ်လို့ပြောတာနဲ့အတူတူပဲဖြစ်ပါတယ်။”

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့အဆင့်ဟာ နိုင်ငံတော်ဒုသမတရဲ့အဆင့်အဖြစ် သတ်မှတ်တယ်ဆိုတဲ့အချက်အပေါ်မှာ ဘယ်လို သုံးသပ်ပါသလဲ?။

“ဒီမိုကရေစီနိုင်ငံတွေမှာ ကာကွယ်ရေး ဝန်ကြီးအရပ်သား ရဲ့ဦးဆောင်မှုအောက်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရှိရတယ်။ ဒါက တကမ္ဘာလုံးမှာကျင့်သုံးနေကြတဲ့မူဖြစ်တယ်။ အာဏာရှင် ဆန်ဆန်သွားတယ်လို့ပြောတဲ့ ကွန်မြူနစ်နိုင်ငံတွေမှာသည်ပင်လျှင် ကာကွယ်ရေးဝန်ကြီးတွေဟာ အရပ်သားတွေဖြစ်တယ်။ အခု ကာကွယ်ရေးဦးစီးချုပ်ကို ဒုသမတ နဲ့တန်းတူထားလိုက်တဲ့အတွက် ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဝန်ကြီးရဲ့အထက်ကိုရောက်သွားတယ်။ ပြောင်းပြန်ဖြစ်သွားတယ်။ ဒါကြောင့်ကာကွယ်ရေးဝန်ကြီးဟာ ကာကွယ်ရေးဦးစီးချုပ်ကိုအမိန့်ပေးလို့မရဘူးဆိုတဲ့သဘောကို အခြေခံဥပဒေနဲ့ အာမခံချက်ပေးလိုက်တာဖြစ်တယ်။”

တပ်မတော်ဟာတပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည် ဆိုတဲ့ အခြေခံမူရဲ့ အရေးပါတဲ့အချက်က ဘာတွေဖြစ်နိုင်ပါသလဲ?။

“ ဒီမိုကရေစီနိုင်ငံတွေမှာ တပ်မတော်အင်အားသတ်မှတ်တဲ့ကိစ္စတွေ၊ အင်အားတိုးချဲ့လျှော့ချတဲ့ကိစ္စတွေ၊ လေ့ကျင့်ရေးကိစ္စတွေ၊ ရာထူးနေရာတိုးလျှော့တဲ့ကိစ္စတွေ၊ လက်နက်တပ်ဆင်တဲ့ကိစ္စတွေ၊ တပ်မတော်ရပ်တည်ရေးအတွက်လိုအပ်တဲ့ ဘဏ္ဍာငွေရှာဖွေသုံးစွဲခွင့်ပေးတဲ့ကိစ္စတွေကို အဓိကလွှတ်တော်က ဆုံးဖြတ်ပေးရတာဖြစ်တယ်။ ဒီမူနဲ့အညီပဲ တကမ္ဘာလုံးမှာရှိတဲ့တပ်မတော်တွေ လိုက်နာကျင့်သုံးရတာဖြစ်တယ်။ ဒီမူနဲ့ကျော်ချင်လို့မရပါဘူး။ တပ်မတော်ဟာ တပ်ပိုင်းဆိုင်ရာတွေမှာ လွတ်လပ်စွာစီမံခွင့်ရှိတယ်ဆိုတဲ့သဘောကို အခြေခံဥပဒေကအာမခံချက်ပေးလိုက်ရင် တပ်မတော်က သူ့အင်အားကိုသူကြိုက်သလိုတိုးချဲ့မယ်၊ကြိုက်သလိုလေ့ကျင့်သင်ကြားမယ်၊ တပ်မတော်သည်သာအမိ၊အဖ ဆိုတဲ့ ကြိုက်သလိုအတွေးအခေါ်မျိုးကစ ရိုက်သွင်းပေးနိုင်တဲ့ အနေအထားလုံးဝဖြစ်သွားမယ်။ တပ်မတော်တွင်းမှာရာထူးတိုးပေးတဲ့ကိစ္စမှန်သမျှ ဘယ်သူမှ ဝင်ရောက်တို့ခွင့်မရှိတော့ဘဲ စိတ်ကြိုက်သူ့တပ်မတော်လမ်းကြောင်းအတိုင်း သတ်သတ်သွားမှာဖြစ်တယ်။ တပ်မတော်ရပ်တည်ရေးအတွက်ဆိုတဲ့အကြောင်းပြချက်နဲ့ အပြင်မှာ ကြိုက်တဲ့စီးပွားရေးထွက်လုပ်နေဦးတော့ ဒီအခြေခံဥပဒေနဲ့အညီ ဘယ်သူမှတားခွင့်မရှိတော့ဘဲ တပ်မတော်ဟာလွတ်လွတ်လပ်လပ် ဘဏ္ဍာငွေရှာပြီးကြီးထွားအောင်ဆက်လုပ်နိုင်တဲ့အနေအထားကိုအခြေခံဥပဒေကအာမခံပေးရမဲ့သဘောဖြစ်သွားပါတယ်။”

“စစ်ဖက်တရားစီရင်ရေးမှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့အဆုံးအဖြတ်ဟာ အပြီးအပြတ်ဖြစ်တယ်” ဆိုတဲ့အချက်ကကော ဘယ်လိုအကျိုးဆက်တွေဖြစ်ပေါ်လာနိုင်သလဲ?

“ နှစ်ချက်ဖြစ်နိုင်ပါတယ်။ ကနေ့အချိန်ထိတပ်မတော်ကနေ ကျူးလွန်ကောင်းကျူးလွန်ခဲ့မဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေက အကုန်လုံးကိုဘာမှအရေးယူဆောင်ရွက်ခွင့်မရှိတော့ဘဲနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့လက်ထဲမှာပဲ ဒီကိစ္စ ပွဲပြီးမီးသေဖြစ်သွားမဲ့ အနေအထားမျိုးကို အခြေခံဥပဒေကအာမခံပေးရမဲ့သဘောဖြစ်တယ်။ ပိုပြီးအရေးကြီးတဲ့ဒုတိယအချက်က တရားစီရင်ရေးနဲ့ပတ်သက်လာရင် ဘယ်တိုင်းပြည်မှာမဆို အမြင့်ဆုံးတရားရုံးက Supreme Court လို့ခေါ်တဲ့တရားရုံးချုပ်တခုဘဲရှိသင့်တယ်။ တကယ်လို့ခုနကပြောတဲ့ မူကိုချလိုက်ရင် ကာကွယ်ရေးဦးစီးချုပ်ရဲ့စစ်ဘက်တရားစီရင်တဲ့နေရာမှာကာကွယ်ရေးဦးစီးချုပ်ရဲ့အဆုံးအဖြတ်ဟာ အပြီးပြတ်ဖြစ်တယ်လို့ချလိုက်ခြင်းအားဖြင့်တိုင်းပြည်မှာတရားရုံး နှစ်ရုံးပေါ်ပေါက်လာနိုင်ပါတယ်။ ဆိုလိုတာက Supreme Court လို့ခေါ်တဲ့ အမြင့်ဆုံးတရားရုံးချုပ်ကတခုဖြစ်သွားမယ်။ တဖက်က တပ်ပိုင်းဆိုင်ရာတရားရုံးကတခုဖြစ်သွားမယ်။ တရားရုံးနှစ်ခုက ယှဉ်ပြိုင်ဖြစ်နေတာမျိုးကမ္ဘာမှာဘယ်တိုင်းပြည်မှမရှိပါဘူး။ တရားမျှတမှုနဲ့လဲဆန့်ကျင်တယ်။ တပ်မတော်ကိုလဲလွတ်လွတ်လပ်လပ်ကြိုက်တဲ့ Crime ရာဇဝတ်မှုကိုကျူးလွန်၊ ကာကွယ်ရေးဦးစီးချုပ်က လွတ်စေလို့ ပြောနိုင်သမျှကာလပတ်လုံး လွတ်နေမှာဖြစ်တဲ့အတွက် တရားမျှတမှုလဲ ဆုံးရှုံးနေမဲ့အခြေခံဥပဒေဖြစ်တယ်လို့သုံးသပ်လိုပါတယ်။”

RFA (28/10/06) နံနက်ပိုင်း



INDP 228.pmd 24 12/5/2006, 10:22 AM

**စစ်ရေး**



# ရှမ်းပြည်မြောက်ပိုင်းတွင် ရမခ တိုင်းမှူးအမိန့်ဖြင့် စစ်သားစုဆောင်း

ရှမ်းပြည်မြောက်ပိုင်း လားရှိုးအခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် မေလ ၂၀၀၆ ခုနှစ်ထိ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လက်ထက်မှ ယခုတိုင်းမှူးသစ် ဗိုလ်ချုပ်အောင်သန်းထွဋ် လက်ထက်အထိ စစ်သားသစ်စုဆောင်းရေးကို အင်တိုက်အားတိုက် ပြုလုပ်နေဆဲရှိကြောင်း ရှမ်းပြည်မြောက်ပိုင်းမှလာသောသတင်းများကဆိုသည်။

တိုင်းမှူးအမိန့်ဟုဆိုကာ လားရှိုးမန္တလေးလမ်းမကြီးဘေးတစ်လျှောက်ရှိ ရွာတိုင်း တစ်ရွာလျှင်အနည်းဆုံး ၂ ယောက် အရှေ့မြောက်တိုင်းသို့ပေးပို့ရန် ရယကဥက္ကဌထံ အမိန့်ပေးညွှန်ကြားထားကြောင်း၊ ရပ်ရွာကိုယ်စား စစ်မှုထမ်းဆောင်မည့်သူကို ကျေးရွာတွင်းရွာသူ/သားဆန္ဒနှင့်လူနှစ်ဦးရွေးထုတ်ပြီး တစ်ဦးလျှင်ငွေကျပ် (၂) သိန်းစီ ရွာသူ/သားများထံမှငွေကောက်ပေးရကြောင်း၊ ရွာသားများအဖို့ရွေးစရာလမ်းမရှိတော့ ဟုသီပေါမြို့နယ် ခိုလုံရွာနေ ရွာသားတစ်ဦးမှ ပြောဆိုသည်။ *“တိုင်းမှူးအမိန့်ဆိုတော့ကျွန်တော်တို့ငြင်းလို့လည်းမရ ရွာသူရွာသားတွေအဖို့လယ်ယာစိုက်ပျိုးရေးမှာအဆင်မပြေတဲ့အထဲ ရွာရံပုံငွေထဲက တစ်မျိုးပြီးတစ်မျိုးထည့်နေရတာတောင်မကဘူး၊ စစ်သားမလုပ်ချင်တဲ့သူလဲ စစ်သားသွားလုပ်နေရပြီ၊ နအဖအစိုးရရဲ့ စစ်သားစုဆောင်းရေးလုပ်နေတာလဲကိုယ့်နိုင်ငံကိုယ့်တိုင်းပြည်အတွက်ကာကွယ်ဖို့မဟုတ်ဘဲ ကိုယ့်နိုင်ငံသားချင်းပြန်ပြီး နှိပ်စက်နေတာအများပြည်သူတွေအသိပဲ။ ဒါကြောင့် ရွာသားတွေခပ်များများ စစ်သားလုပ်ဖို့ဆန္ဒမရှိကြတာအမှန်ပဲ၊ ကိုယ့်တိုင်းပြည်ကိုအမှန်တကယ်ကာကွယ်ဖို့ဆိုရင်တော့တစ်မျိုးပေါ့”*ဟု ၄င်းကပြောဆိုပါသည်။

ယခုကဲ့သို့ နအဖ၏စစ်သားစုဆောင်းရေးကြောင့်ပြည်သူလူထုမှာ ၄င်းတို့၏သားသမီးများအတွက် စိုးရိမ်ပူပန်နေရကြောင်း၊ မြို့ပေါ်တွင်ကျောင်းသားအရွယ်ဆယ်ကျော်သက်များကျောင်းသွားကျောင်းပြန်၊ အလုပ်ခွင်အပြန် လူစည်ကားသောဘတ်(စ်) ကားဂိတ်၊ မီးရထားဘူတာရုံ၊ ရုပ်ရှင်ရုံများတွင် အရပ်ဝတ်ရဲများ၊ စစ်မှုထမ်းတို့စောင့်ဖမ်းကာ နည်းမျိုးစုံခြိမ်းခြောက်ပြီး စစ်မှုထမ်းရန်ခေါ်ဆောင်သွားလေ့ရှိကြောင်း၊ ၄င်းတို့၏မိဘသားချင်းများနှင့်ဆက်သွယ်ခွင့်မပြု၊ အသိပေးခြင်းမရှိဘဲ စစ်သင်တန်းတက်ရန် လေ့ကျင့်ရေးကျောင်း သို့ပို့ပစ်ကြောင်း၊ သင်တန်းဆင်းပြီးရှေ့တန်းတပ်စခန်းအသီးသီးသို့ စေလွှတ်ခြင်းခံရစဉ်အရွယ်နှင့်မမျှအောင်ဒုက္ခမျိုးစုံရင်ဆိုင်ရ၍ မခံမရပ်နိုင်သည့်အဆုံး ထွက်ပြေးလွတ်မြောက်လာသောခလေးစစ်သားအချို့၏ပြန်ပြောချက်အရ သိရသည်။

စစ်သားစုဆောင်းရေးနှင့်ပတ်သက်၍ယခုမပြီးစီးသေးသော အမျိုးသားညီလာခံတွင် အသက်ပြည့်ပြီးသည့်နိုင်ငံသားတိုင်း စစ်မှုထမ်းရန် လမ်းညွှန်မှုချမှတ်မည် ဟုညောင်နှစ်ပင်ညီလာခံ၌ထည့်သွင်းဆွေးနွေးသွားသည် ဟုဆိုသည်။ ❑

# လင်းခေး–မိုင်းပန်မြို့နယ်တွင်း ဘိန်းစိုက်ခွင့်ပြုပြီး ဘိန်းခွန်ကောက်စားသော နအဖ

လွန်ခဲ့သော နိုဝင်ဘာလ ၂ ရက်နေ့က မိုင်းနောင်အခြေစိုက် ခမရ ၂၈၆ မှ ၄င်းကွပ်ကဲမှုအောက်ရှိ လင်းခေး–မိုင်းပန်မြို့နယ်လွိုင်ပန်ပိကျေးရွာအုပ်စုမှ အုပ်စုမှူးများ၊ ကျေးရွာသူကြီးများအား ၂၀၀၆ ခုနှစ်အတွင်းစိုက်ပျိုးသော ဘိန်းခင်းစာရင်းကို နိုဝင်ဘာ ၇ ရက်နေ့ အပြီးကောက်ပေးရန် မိုင်းနောင်တပ်မှလာရောက်တပ်စွဲထားသော နားဝွန်ကျေးရွာအုပ်စု၏အနောက်တောင်ဖက် တောင်ပေါ်ကောင်းမိုက်ပုတ်ပအိုးရွာတပ်စခန်းသို့ ဆင့်ခေါ်ညွှန်ကြားလိုက်ကြောင်း အမည်မဖော်လိုသူဒေသခံတဦး၏ ပြောပြချက်အရသိရသည်။

ဘိန်းစိုက်သူအများစုမှာ ဒေသခံ ပအိုးလူမျိုးနှင့်သျှမ်းလူမျိုးအနည်းစုဖြစ်ပြီး ထိုဒေသသည်လက်နက်ကိုင်အပစ်ရပ်အဖွဲ့ဖြစ်သော



INDP 228.pmd 25 12/5/2006, 10:22 AM

“သျှမ်းပြည်ရှိလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့” (SNPLO) ထိန်းချုပ်နယ်မြေအတွင်းရှိကျေးရွာများဖြစ်သည် ဟုဆိုသည်။ ၎င်းဒေသထွက်ဘိန်းများကို ဘိန်းကုန်သည်များနှင့် ရလလဖ (SNPLO) မှ အရာရှိအချို့ဝယ်ယူကြောင်း၊ ပြီးခဲ့သောရာသီက ဘိန်းကုန်သည်များ ဝယ်ယူခဲ့သောဘိန်းအများအပြား ထိုင်းနယ်စပ်အနီး ၀ တပ်ဖွဲ့ထိန်းချုပ်နယ်မြေ (ခန့်ပါ)တွင်မေလက ၀ အဖွဲ့လက်ချက်ဖြင့် ဘိန်းပိဿာချိန် တစ်ထောင် ဆုံးရှုံးသွားသည့်ပြင် ၎င်းတို့၏လူ ၂၀ သေဆုံးသွားသည်



ဟုလည်းဆိုသည်။ မိုင်းပန်မြို့နယ်တွင်းရှိ လွိုင်ပန်ပိကျေးရွာအုပ်စုမှ ကျေးရွာ ၁၄ ရွာ နှင့်လင်းခေးမြို့နယ် လွိုင်ကုန်းမောဝ်ကျေးရွာအုပ်စုမှ ၁၃ ရွာ အားလုံးဘိန်းစိုက်ပျိုးကြပြီး နှစ်စဉ်တစ်အုပ်စုလျှင် လွိုင်ပန်ပိကျေးရွာ အုပ်စုမှ မိုင်းပန်ရဲစခန်းသို့တစ်ရွာလျှင်အခွန်ငွေကျပ် ၈ သိန်း ပေးသွင်းရကာ လွိုင်ကုန်းမောဝ် ကျေးရွာအုပ်စုကလည်း လင်းခေးမြို့ အခြေစိုက် ခမရ ၅၂၅ ထံ တစ်ရွာလျှင် ကျပ်ငွေ ၈ သိန်း ပုံမှန်အခွန် ပေးသွင်းခဲ့ရကြောင်း၊ ယမန်နှစ်က လွိုင်ပန်ပိကျေးရွာအုပ်စုမှ ခန့်မှန်းခြေဘိန်းပိဿာချိန်ပေါင်း ၁၆၀၀ ခန့်နှင့် လွိုင်ကုန်းမောဝ်ကျေးရွာအုပ်စုမှ ပိဿာပေါင်း ၁၀၀၀ ခန့်ထွက်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်များထက်ပိုတိုးစိုက်သော် လည်းမိုးများသဖြင့် အသီးထွက်နှုန်းမကောင်းကြောင်း၊ ထို့ကြောင့် ယမန်နှစ်ကအထွက်နှုန်းလောက်သာ ရမည်ထင်ကြောင်း ဘိန်းစိုက်တောင်သူများခန့်မှန်းပြောဆိုကြသည်ဟုသိရသည်။ ယခင်က ဘိန်းပေါ်ချိန်ရောက်လျှင် လင်းခေးအခြေစိုက် ခမရ ၅၂၅ နှင့်မိုင်းပန် မူးယစ်၊ရဲ-စစ်ကြောင်းများ မကြာခဏ ထိုရွာများသို့သွားရောက်ကာ ကြက်၊ ဝက် အရက်စသည်တို့တောင်းရမ်းတတ်ပြီး ရံဖန်ရံခါမှသာအစေးခြစ်ပြီးသောဘိန်းခင်းများ ဟန်ပြဝင်ဖျက်ရုံလောက်သာရှိတတ်ကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဘိန်းခြံစာရင်းကောက်ပေးရန် ညွှန်ကြားသည်ကို ၎င်းတို့မခန့်မှန်းနိုင်သော်လည်း ရွာသားများအဖို့ ယခင်ကဲ့သို့ဘိန်းခွန်ဆောင်ကာ ၎င်းတို့ စိတ်ကြိုက်ဘိန်းစိုက်ခွင့်ရရှိမည် ဟုမျှော်လင့်နေကြကြောင်းဆိုသည်။ ❑

# နအဖ ဝန်ထမ်းအချို့ ပြည်သူပိုင်မြေ အချောင်သိမ်းရန် တရုတ်လောပန်း နှင့် ပူးပေါင်းကြံစည်

များမကြာမီကာလက သိန္နီမြို့နယ် ရပ်ကွက်စည်းရုံးရေးမှူး ထွန်းလတ်နှင့် ကြံ့ရာကျဘမ်းအလုပ်လုပ်သူ ကျော်ကျော်မြင့်ဆိုသူနှစ်ဦး ယခင်၎င်းတို့ အရောင်းအဝယ်လုပ်စဉ်က ရင်းနှီးသိကျွမ်းဖူးသူ ယူနန်ပြည်နယ်ရွှေလီမြို့ရှိ အမည်မသိလောပန်းတစ်ဦးနှင့် တိတ်တဆိတ် သွားရောက်ဆက်သွယ်ကာ လောပန်းမှ သက်ဆိုင်ရာသိန္နီမြို့နယ် မယက မှူးထံလာဘ်ထိုးစေပြီး မိုင်းယန်းကျေးရွာအုပ်စုရှိရွာသားများပိုင်မြေဧက (၄၀၀) ကို ရာဘာခြံစိုက်ခင်းအတွက်မြေလွတ်မြေရိုင်းအဖြစ် သတ်မှတ်လိုက်ကာ အာဏာသုံး၍ သိမ်းယူပေးရန် ပူးပေါင်းကြံစည်ခဲ့ကြောင်း သျှမ်းသံတော်ဆင့်သတင်းထောက်၏ သတင်းပေးပို့ချက်အရ သိရသည်။

အဆိုပါမြေယာများမှာ မိုင်းယန်းကျေးရွာအုပ်စုတွင်းမှ အိမ်ခြေ (၇၀) ရှိ ဝမ်ယန်းရွာ၊ အိမ်ခြေ (၆၀) ရှိ နောင်ဆန်းရွာ၊ အိမ်ခြေ (၅၀) ရှိ ကောင်းပုံရွာ၊ အိမ်ခြေ (၅၀) ရှိ ပန်ယတ်ရွာ၊ အိမ်ခြေ (၂၀) ရှိ နားပုတ်ရွာ စသည့်ရွာများမှ ရွာသားများ၏ လက်ဖက်ခြံ၊ ကော်ဖီခြံ၊ မယ်ဇလီခြံ နှင့် ဝါးရုံတောများရှိရာ မြေနေရာတို့ကို ဘိန်းအစားထိုး ရာဘာစိုက်ခင်းလုပ်ရန်အကြောင်းပြ၍ အချောင်သိမ်းယူလိုခြင်းဖြစ်သည်ဟုဆိုသည်။ မြေတိုင်းဦးစီးဌာနနှင့် ရဲမှူးအပါအဝင် အဆိုပါမြေများကိုသိမ်းယူရန် သွားရောက်တိုင်းတာစဉ် ရွာသားများ ကြိုတင်သတင်းရသဖြင့်၎င်းတို့၏ဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်စားသောက်ခဲ့သောမြေကို အချောင်သိမ်းယူခွင့်မပြုနိုင်ကြောင်း သွားရောက်ကန့်ကွက်ကြသောကြောင့် မြေအချောင်သိမ်းရေးအစီအစဉ် ခေတ္တငြိမ်သက်သွားခဲ့သည် ဟုဆိုသည်။

၎င်းနောက် နိုဝင်ဘာလ ပထမပတ်လောက်က မယက ဥက္ကဋ္ဌ ဦးကျော်သူရ၊အသက် (၄၀) ကျော် (လွန်ခဲ့သောအပတ်ကမှ လားရှိုးသို့ ပြောင်းသွားသူ) ထံချဉ်းကပ်ကာ ကျပ်ငွေ ၅ သန်း (တိုင်းမှူးအတွက် လာဘ်ထိုးငွေမပါသေး) လာဘ်ထိုးခဲ့ပြန်ကြောင်း၊ ၎င်းမှ တိုင်းမှူးထံဆက်လက်တင်ပြတောင်းခံပေးရန်၊ မိုင်းယန်းကျေးရွာအုပ်စုတွင်းရှိ ၎င်းတို့သိမ်းယူမည့် မြေဧရိယာမှာ ပိုင်ရှင်မဲ့မြေလွတ်မြေရိုင်းများသာဖြစ်သည်ဆိုသည့် တိုင်းမှူး၏ ထောက်ခံချက်ရယူပေးရန်ဖြစ်ကြောင်း၊

ထို့အပြင် ကျေးရွာအုပ်စုမှူး ဒေယျ ဆိုသူကိုလည်း အဆိုပါမြေနေရာများ သိမ်းနိုင်ရေးအတွက် ကျပ်ငွေ တသိန်းငါးသောင်း လာဘ်ထိုးထားကြောင်း (သို့သော်၎င်းအားနအဖမှစာမတတ်ဟူသောအကြောင်း



INDP 228.pmd 26 12/5/2006, 10:22 AM

ပြချက်ဖြင့်ဖြုတ်ပစ်ပြီး ၄င်းတို့လူဖြင့်အစားထိုးမည်ဟု သတင်းထွက်လျက်ရှိ)၊ အခြားတဖက်တွင်လည်း မြေတိုင်းရာတွင် လိုက်ပါဆောင်ရွက်ပေးကြသောမြေတိုင်းဦးစီး၊ ရဲ ပုလိပ် တို့ကိုလည်း ကျပ်ငွေ ၃ သန်းလာဘ်ထိုးထားကြောင်း၊ နိုဝင်ဘာလကုန်တွင် အဆိုပါမြေနေရာများကို မရအရ သိမ်းယူမည့်၄င်းတို့၏အကြံအစည်ကိုမူ ကျေးရွာသားများ ခမျှာ မသိရှာကြသေး ဟုဆိုသည်။

တရုတ်စကားအနည်းငယ်ပြောနိုင်သူ ခုတ်နမ့်ရပ်ကွက်(၂) စည်းရုံးရေးမှူး ထွန်းလတ် (၃၆) နှစ်နှင့် မြောက်ရွာရပ်ကွက် (၃) နေ ကျော်ကျော်မြင့် (၃၆) နှစ်တို့နှစ်ဦး ယခင်က တရုတ်ပြည် ရွှေလီမြို့တွင် အရောင်းအဝယ်သွားလုပ်ခဲ့ဖူးသဖြင့် သိကျွမ်းထားဖူးသူ တရုတ်လောပန်းနှင့် အပေးအယူလုပ်ကာ လောပန်းငွေကို ကြိုသုံးထားနှင့်ပြီး အကယ်၍၄င်းတို့အစီအစဉ်အတိုင်း မြေအချောင်မသိမ်းနိုင်ပါက ထိုနှစ်ဦးမှာ သူဌေး၏လူမိုက်ငှါးပြီးဆုံးမ ဒဏ်ခတ်ခြင်းကိုခံရနိုင်ဖွယ်ရှိကြောင်း ၄င်းတို့နှင့်နီးစပ်သူများက ဝေဖန်နေကြသည်။

မကြာသေးမီက လားရှိုးသို့ပြောင်းပစ်ခြင်းခံရသူ မယက မြို့နယ်မှူး ဦးကျော်သူရ မတိုင်ခင် အရင်တာဝန်ကျသူ ဦးရဲကျော်ခိုင် ဆိုသူမှာ လာဘ်စားသည့်နေရာတွင်နာမည်ကြီးပြီး သွားလေရာ ဗျောက်တိုသေနတ်တကားကားဖြင့် ပြည်သူကိုအနိုင်ကျင့်တတ်သူ ဖြစ်ကြောင်း၊ ယခုဦးကျော်သူရမှာလည်း လာဘ်ပေးလာဘ်ယူ ကိစ္စကြောင့် ပြောင်းပစ်ခြင်းခံရပြီး သိန္နီမြို့သို့၄င်း၏နေရာ အစားထိုးရောက်လာသူ ဦးတက်တိုး (၃၇) နှစ်မှာ ၂ ပတ်ခန့်သာရှိသေးသဖြင့် "နောက်မှ လာသည့်မောင်ပုလဲ ဒိုင်းဝန်မင်းထက်ကဲ" ဖြစ်လေဦးမလား ဆိုသည်ကိုတော့ ရင်တမမနှင့်စောင့်ကြည့်ရဦးမည် ဟုအကဲခတ်သူများက သုံးသပ်နေကြသည်။ ❑

# မြန်မာ့နိုင်ငံရေး သရုပ်ဖော်ကာတွန်းပြပွဲ ဘန်ကောက်တွင်ကျင်းပ

ယနေ့ပြည်ပထုတ်စာနယ်ဇင်းသတင်းမီဒီယာလောကတွင် လူသိများထင်ရှားသော ကာတွန်းဆရာများဖြစ်သည့် စိုင်းဟန်လေးနှင့် ဦးဝင်းထွန်း တို့၏ ကာတွန်းအနုပညာလက်ရာများကို ဘန်ကောက်ရှိ နိုင်ငံခြားသတင်းထောက်များကလပ်အသင်းရုံးတွင် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်နေ့အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ည ၁၁ နာရီအထိ တစ်လတာ ခင်းကျင်းပြသကြောင်း၊ ၄င်းတို့နှစ်ဦး၏ ကာတွန်းလက်ရာများအပြင် အခြားပန်ချီနှင့်ကာတွန်းဆရာတဦးဖြစ်သူ စိုင်းခမ်းပန် ၏ လက်ရာအချို့လည်းပါဝင်သည်ဟုဆိုသည်။







ကာတွန်းဆရာဟန်လေးနှင့် ၄င်း၏ ကာတွန်းလက်ရာ

လွန်ခဲ့သော ၁၉၉၄ ခုနှစ် ကတည်းက စိုင်းဟန်လေး(၄၀)နှင့် စိုင်းခမ်းပန်(၃၄) တို့နှစ်ဦးသည် ရှမ်းသံတော်ဆင့်သတင်းဌါနတွင် လုပ်ကိုင်ခဲ့ကြသူများဖြစ်ပြီး အယ်ဒီတာချုပ် ဦးခွန်စိုင်းရေးသားသော သျှမ်းအင်ပါယာထူထောင်ခဲ့သူ မျိုးချစ်သူရဲကောင်း" စဝ်ဆေခန်ဖ (၁၂၈၁–၁၃၆၄)"စာအုပ်မျက်နှာဖုံးပန်းချီကြောင့် သျှမ်းစာဖတ်ပရိသတ်အကြားလူသိများထင်ရှားလာခဲ့သည်။ နောက်ပိုင်းတွင် သျှမ်းသံတော်ဆင့်မှထုတ်သော သတင်းစဉ်များ၌သာမက အခြား မီဒီယာ ဌါနများဖြစ်သည့် ရောဝတီ၊ ခေတ်ပြိုင်၊ မဇ္ဈိမ နှင့် Shan Youth Power Media (SYPM)/ရှမ်းအမျိုးသမီးရေးရာဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့ (SWAN)/ MAP Foundation တို့၏ကျမ္မာရေးပညာပေးစာစောင်မျက်နှာဖုံးများ စသည်တို့တွင်လည်း ၄င်း၏လက်ရာများ ကိုတွေ့မြင်နိုင်ပြီး ယနေ့ထိ ၄င်းရေးဆွဲပြီးသော ကာတွန်းအရေအတွက်မှာ ရာနှင့်ချီရှိသွားပြီဟုသိရသည်။

"စိုင်းဟန်လေး၏ရုပ်ပြောင်ကာတွန်းများသည် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှန်ကို ပြည်ပ ပရိသတ်မိတ်ဆွေများ ပိုမိုနားလည်သဘောပေါက်စေရန်အထောက်အကူပြုသည်"ဟု မြန်မာပြည်တွင် ၅ နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ယမန်နှစ်ကမှ ကမ္ဘာ့ကုလသမဂ္ဂ၏ ဥရောပ၊ အာရှ (အလယ်ပိုင်းနှင့်အနောက်ပိုင်း) ဒေသမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ အကြီးအကဲရာထူးဖြင့် ပြောင်းရွှေ့သွားသူ မစ္စတာရှောင်လွတ်လေမရဲJean. Luc Lemahieu ကပြောကြားခဲ့သည်ဟုသိရသည်။

မစ္စတာ ဘားမားဟု ဆယ်စုနှစ်ချီ လူသိများခဲ့သော ကာတွန်းဆရာဦးဝင်းထွန်း(၅၃)နှစ်၏ ရုပ်ပြောင်လက်ရာများမှာလည်း /Voice of Burma သတင်းစဉ်တွင်ပင်တိုင်ပါရှိပြီး ထိမိသည့် နိုင်ငံရေး ရုပ်ပြောင်ပညာရှင်တဦးအဖြစ် အသိအမှတ်ပြုခံရသူတစ်ဦးဖြစ်သည်။ ❑

# ပြေးနိုင်မှလွတ်မည်



Photo : Chiangmai News

နိုဝင်ဘာလ ၈ ရက်နေ့ ဘန်ကောက်မြို့ ထိုင်းမှုခင်းနှိမ်နင်းရေးရဲများ၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလုပ်သမားရေးရာဌာနဆိုင်ရာအရာရှိအပါ အဝင်အင်အား ၃၀ ခန့် ဗိုင်းကွမ်ရပ်ကွက်ရှိ Fashion Point အထည်ချုပ်စက်ရုံအားဝင်ရောက်စစ်ဆေးပြီး တရားမဝင်အလုပ်သမား ၅၄ယောက် ကိုဖမ်းဆီးခဲ့ကြောင်း၊ Fashion Point စက်ရုံ၌ အလုပ်သမားဦးရေ ၆၀၀ ကျော်အနက် ကျား ၁၃ ဦးနှင့် မ ၄၁ ဦး ဖမ်းမိပြီး ကျန်အလုပ်သမားများထွက်ပြေးလွတ်မြောက်သွားကြောင်း၊ အဆိုပါစက်ရုံရှိ အလုပ်သမား ၁၀၀ ခန့်မှာ မူဆယ်၊ လားရှိုး၊ မိုးမိတ်၊ ကျောက်မဲ၊ မိုင်းကိုင်၊ လဲချား၊ နမ်စန်၊ ပင်လုံ၊ နှင့် မိုင်းတုံမှလာသောရှမ်းလူမျိုးများဖြစ်ကြကြောင်း ၎င်းတို့နှင့်နီးစပ်သောရှမ်းအလုပ်သမားတဦးထံမှသိရသည်။

ထိုင်းအရာရှိများက သက်ဆိုင်ရာအလုပ်သမားကဒ် မရှိသည့်အလုပ်သမားများလက်ခံထားရှိမှုဖြင့် စက်ရုံပိုင်ရှင်အားဖမ်းမိသည့်အလုပ်သမား ၅၄ ယောက်အတွက် တစ်ဦးလျှင်ဘတ် ၈၅၀၀ စီဒဏ်ငွေပေးဆောင်ခိုင်းသည် ဟုလည်းသိရသည်။

အလားတူ နိုဝင်ဘာလ ၁၀ ရက်နေ့မနက်ပိုင်း အလုပ်ဆင်းချိန်တွင်လည်း ချင်းမိုင်မြို့ခမ်းတိန် ဈေးအနီးနေထိုင်သော အလုပ်သမားများအားထိုင်းရဲများကစောင့်ကြပ်စစ်ဆေးရာ အလုပ်သမားကဒ် မရှိသောအလုပ်သမား ၃၀ ခန့်ဖမ်းဆီးလိုက်သည်ဟု ၎င်းအနီး၌နေထိုင်သူရှမ်းလူငယ်တစ်ဦး၏ပြောပြချက်အရသိရသည်။ ထိုင်းနိုင်ငံ အတွင်းသို့တရားမဝင် လာရောက်အလုပ်လုပ်နေကြသောအလုပ်သမားများအား ယခုအခါသက်ဆိုင်ရာမှ ပြင်းပြင်းထန်ထန် စစ်ဆေးအရေးယူလျက်ရှိရာ ထိုင်းရုပ်မြင်သံကြားသတင်းဌာနနှင့် သတင်းစာများတွင်နေ့စဉ်တွေ့နေရကြောင်း၊ ဖမ်းဆီးရမိသောအလုပ်သမားများမှာလည်းရှမ်းလူမျိုးများသာမက မြန်မာ၊ လော၊ ကမ္ဘောဒီးယားနှင့် မြောက်ကိုးရီးယားမှလာသော အလုပ်သမားများလည်း ပါဝင်ကြောင်း သတင်းရရှိပါသည်။ ❑

# နအဖ စစ်တပ်အတွက် မန်ပန်ပြည်သူ့စစ် မှ တပ်သားသစ်ကောက်ပေး

နိုဝင်ဘာလ ပထမပတ်အတွင်းမှ စတင်ကာသျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့အရှေ့ဖက်အရပ် ၃၂ မိုင်ကွာဝေးသော မိုင်းယော် ဒေသတွင်းရှိ ကျေးရွာအုပ်စုများမှ မိသားစုအတွင်း သားယောကျ်ား (၂) ဦးရှိသောအိမ်ထောင်စုတွင် (၁) ယောက် စစ်သားလုပ်ရန် မန်ပန်ဌါနေပြည်သူ့စစ်မှ နအဖ စစ်တပ်အတွက် တပ်သားသစ်အတင်းလိုက်ကောက်နေသဖြင့် ရွာသားအချို့ ထွက်ပြေးရှောင်တိမ်းနေရကြောင်း နိုဝင်ဘာလ ၂၂ ရက် က မိန်းလွိုင် သတင်းထောက်၏ သတင်းပေးပို့ချက်အရ သိရပါသည်။

မိုင်းယော်၏အရှေ့တောင်ဘက်အရပ် တန့်ယန်းမြို့နယ်တွင်းရှိ မန်ပန်ရွာတွင်အခြေစိုက်ထားသော ဗိုလ်မွန်း ဦးဆောင်သည့် မန်ပန်ဌါနေပြည်သူ့စစ်အဖွဲ့သည် ယခုလ နိုဝင်ဘာလ မှစတင်၍ [ယခင်သျှမ်းပြည်အမျိုးသားတပ်မတော် SSNA တပ်မဟာ (၁၁) ၏ ထိန်းချုပ်နယ်မြေဖြစ်သော]မိုင်းယော်ဒေသတွင်းရှိ ကျေးရွာအုပ်စုများ၌တပ်သားသစ်ကောက်ခံရန်ဆင့်ဆိုခဲ့ကြောင်း၊ ၎င်းတို့ကောက်ယူပုံမှာ အိမ်ထောင်စုဇယားကိုကြည့်ကာ သားယောကျ်ား ၂ ယောက်ရှိပါက ၁ ယောက်မှာစစ်မှုထမ်းစေရမည်ဖြစ်ကြောင်း၊ သို့သော် တချိန်ချိန်က အဖွဲ့အစည်းတခုခုတွင် စစ်မှုထမ်းခဲ့ဖူးသူမဖြစ်ရ ဟုလည်းကန့်သတ်ထားသည်ဟုဆိုသည်။

မိုင်းယော်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၂၀) ခန့်ရှိပြီး ခန့်မှန်းအိမ်ခြေပေါင်း (၁၀၀၀) ထက်မနည်းရှိကြောင်း မိုင်းယော်ရွာသားတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

ယခုကဲ့သို့မန်ပန်ပြည်သူ့စစ်မှ တပ်သားသစ်ကောက်နေခြင်းမှာ ယခင်ကလည်း မကြာခဏဆိုသလို ကောက်နေကျဖြစ်ပြီး ယခုမှာမူ နအဖ စစ်တပ်အတွက် စစ်မှုထမ်းရန်ဖြစ်သောကြောင့် ရွာသား အများစုမှာ ဗမာစစ်တပ်ထဲဝင်ရမည်ကိုစိုးရိမ်သဖြင့် အခြားမြို့နယ်များသို့ထွက်ပြေးတိမ်းရှောင်သွားကြခြင်းဖြစ်သည်ဟု ဆိုသည်။



INDP 228.pmd 28 12/5/2006, 10:22 AM

# သျှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းမှုဖြင့် ထောင်ဒဏ်နှစ်ရှည် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော သျှမ်းပြည်နိုင်ငံရေးခေါင်းဆောင်များ




ကိုလိုနီခေတ်ကာလမှစ၍ ယနေ့အချိန်ထိ နိုင်ငံရေးပြစ်မှုစီရင်ချက်များတွင် သျှမ်းပြည်နိုင်ငံရေးသမားများအား စီရင်ချမှတ်ခဲ့သောပြစ်ဒဏ်သည် အကြီးလေးဆုံး အပြင်းထန်ဆုံးဖြစ်သည့်အပြင် နေအိမ်ပိုင်ဆိုင်မှုများကိုပင်သိမ်းဆည်းခဲ့သောကြောင့်သမိုင်းရာဇဝင်တွင် အမည်းစက်စွဲထင်သော ပထမဆုံးစီရင်ထုံးဖြစ်နေပါသည်။ နိုင်ငံတော်ကို စိုးရိမ်ရလောက်အောင်အန္တရာယ်ပေးခဲ့သော ဦးနေဝင်း မိသားစု၊ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်နှင့် အပေါင်းပါများအဖွဲ့ကို ဆိုင်းငံ့ထောင်ဒဏ်လို့ပဲပြောပြောနေအိမ်အကျယ်ချုပ်ပဲဆိုဆိုသက်ညှာခွင့်ပေးခဲ့သည့် အဖြစ်အပျက်တို့နှင့်ယှဉ်ကြည့်လျှင် ဗမာနှင့် သျှမ်းတိုင်းရင်းသားကြား တဖက်သတ်မျက်နှာလိုက်ခြင်းသဘောမျိုးသက်ရောက်နေသည်။

**"သျှမ်းပြည်အတိုင်ပင်ခံကောင်စီ"** အဖွဲ့ကိုမဖွဲ့စည်းမီ ၂၀၀၄၊ နိုဝင်ဘာ(၅) ရက်နေ့တွင် SSA မြောက်ပိုင်း၌နချုပ်ဖြစ်သော သီပေါမြို့နယ်ဆိုင်ကျော့တွင် **"သျှမ်းပြည်တတ်သိပညာရှင်များအတိုင်ပင်ခံကောင်စီ"** ကိုဦးစွာဖွဲ့စည်းခဲ့သည်။ ထိုအချိန်တွင် **"ကချင်အတိုင်ပင်ခံကောင်စီ"** ပေါ်ပေါက်ပြီးဖြစ်ပါသည်။ နိုင်ငံရေးရှုဒေါင့်အတွေ့အကြုံတွင်အားနည်းနေသေးသော လက်နက်စွန့်ငြိမ်းအဖွဲ့များ အမျိုးသားညီလာခံသို့တက်ရောက်ချိန်တွင် ကူညီပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့အတွက်ကြောင့်လည်း ရှမ်းပြည်အတိုင်ပင်ခံကောင်စီကို ၂၀၀၄ ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့ရာ၌ လက်နက်ကိုင်ငြိမ်းအဖွဲ့များ၊ တိုင်းရင်းသားပါတီများနှင့် မျိုးချစ်သျှမ်းပြည်နိုင်ငံရေးသမားဟောင်းများပါဝင်ခဲ့ကြသည်။

နိုင်ငံတော်က ၂၀၀၅ ခုနှစ်ဖေဖော်ဝါရီလ ၇ ရက်သျှမ်းပြည်အမျိုးသားနေ့အခမ်းအနားအပြီး ဖမ်းဆီးခဲ့သောကိစ္စကို သေချာလေ့လာသုံးသပ်ပါက အခမ်းအနားပွဲကိုကျင်းပခွင့် ပွဲမိန့်ပေးခဲ့သူမှာ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်ဖြစ်ပါသည်။ ပွဲတွင်လည်းသဘာပတိအဖြစ် တက်ရောက်ရန်ဖိတ်ကြားခဲ့ခြင်းကိုလည်း ဗိုလ်ချုပ် ခင်မောင်မြင့် လက်ခံခဲ့ပါသည်။ သက်သေအနေဖြင့်တောင်ကြီးမြို့ SB ပြည်နယ် ရဲမှူးကြီးလှမောင်က ကြားနေ၍ဆောင်ရွက်ပေးခဲ့ပါသည်။

သို့သော်အခမ်းအနားမကျင်းပမီနှစ်ရက်အလို ၅၊ ၂၊ ၂၀၀၅ ရက်နေ့တွင် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ပင်လုံတပ်နယ်မှ တပ်သားများအုပ်စုဖွဲ့တောခိုကြခြင်းကို သွားရောက်စစ်ဆေးနေ၍ အခမ်းအနားဖွင့်ပွဲမတက်နိုင်ပဲပျက်ကွက်ခဲ့ရသည်။ ၄င်းအနေဖြင့်မတက်ရောက်နိုင်ကြောင်း ဖုန်းဆက်၍တောင်းပန်ခဲ့သေးကြောင်းသိရသည်။ ထို့ကြောင့် ၇၊ ၂၊ ၂၀၀၅ အခမ်းအနားတွင် သဘာပတိအဖြစ် သျှမ်းပြည်တပ်မတော်မြောက်ပိုင်း SSPC ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထဲင်က သဘောတူလက်ခံခဲ့ပါသည်။ ပွဲကိုအဓိကစီစဉ်ကျင်းပသူမှာ မျိုးဆက်သစ်သျှမ်းပြည်အဖွဲ့ဖြစ်ပါသည်။ သျှမ်းပြည်အမျိုးသားနေ့သည် သျှမ်းပြည်



ဗိုလ်ချုပ်ဆေထဲင်



ခွန်ထွန်းဦး



စိုင်းညွန့်လွင်



စိုင်းလှအောင်

All Photo : SHAN

အတွင်းရှိတိုင်းရင်းသားအားလုံးနှင့်သက်ဆိုင်သောကြောင့် ပအိုဝ်း၊ ပလောင်၊ ကယန်း၊ အင်းသား အစရှိသော တိုင်းရင်းသားခေါင်းဆောင်များတက်ရောက်ခဲ့ပါသည်။ သမိုင်းဝင်ပင်လုံစာချုပ်တွင်လှုပ်ရှားပါဝင်ခဲ့ကြသော **ရပလ** ရဲဘော်ဟောင်းများလည်း တက်ရောက်အားပေးခဲ့သည်။ ဧည့်သည်တော်များအနေဖြင့် ရန်ကုန်မြို့မှ ဦးသုဝေ၊ ဒေါ်ချိုချိုကျော်ငြိမ်း၊ ကျောင်းသားအမည်ခံ ကိုအေးလွင် တို့လည်းပါဝင်တက်ရောက်လာကြပါသည်။

ထိုအချိန်တွင် SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦးနှင့် အတွင်းရေးမှူးစိုင်းညွန့်လွင်တို့သည်ရန်ကုန်၌ရှိနေကြပါသည်။အခမ်းအနားသို့တက်ရောက်ခြင်းမရှိခဲ့ပါ။ သူတို့ကိုရန်ကုန်တွင်အကြောင်းပြချက်မရှိပဲ ဖမ်းဆီးခဲ့သလို တောင်ကြီးမြို့အခမ်းအနားပွဲသို့တက်ရောက်လာသူအား



INDP 228.pmd 29 12/5/2006, 10:22 AM

လုံးကိုလည်း ၉၊ ၂၊ ၂၀၀၅ ရက်နေ့တွင်ဖမ်းဆီးလိုက်ပါသည်။

အဖမ်းဆီးခံ နိုင်ငံရေးသမားများကို ရန်ကုန်ရှိ SB ဌါနချုပ်တွင်လည်းကောင်း၊ အင်းစိန်ထောင်တွင်လည်းကောင်း၊ တောင်ကြီးမြို့နေအိမ်အကျယ်ချုပ်များဖြင့်လည်းကောင်း၊ ဦးသုဝေနှင့်အဖွဲ့တည်းခိုရာ ခေမရဌ် ဟိုတယ်တွင်လည်းကောင်းအသီးသီးထိန်းသိမ်းလိုက်ပါသည်။ ၂၀၀၅ မတ်လ ၇ ရက်နေ့တွင်ဖမ်းဆီးထားသူအချို့ပြန်လွှတ်ပေးခဲ့သော်လည်း အခမ်းအနားပွဲကိုအဓိကကျင်းပခဲ့ကြသော မျိုးဆက်သစ်–သျှမ်းပြည် အဖွဲ့ ၄ ဦး၊ ဗိုလ်ချုပ်ဆေထဲင်၊ ခွန်ထွန်းဦး၊ စိုင်းညွှန့်လွင်၊ စိုင်းလှအောင်၊ စဝ်သာဦး တို့ကိုအင်းစိန်အထူးတရားရုံးမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် ကြီးမားသောပြစ်ဒဏ်များကို ခိုင်လုံမှုမရှိပဲ တဖက်သတ်ချမှတ်ခဲ့ပါသည်။ သျှမ်းပြည်ဝါရင့်နိုင်ငံရေးသမားကြီး ဦးရွှေအုံးကိုတော့ တောင်ကြီးမြို့တွင် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခဲ့ပါသည်။ သိပ်မကြာပါ၊ သျှမ်းပြည်မြောက်ပိုင်း သီပေါမြို့မှ သျှမ်းအမျိုးသားစဝ်ဦးကြာ ကိုလည်းဖမ်းဆီးထောင်ချခဲ့ပါသေးသည်။

သမိုင်းတွင်တခါမျှမကြားဖူးသော "နှစ်" ရာကျော် စီရင်ချက်ဖြစ်သောကြောင့် အာဏာပိုင်တို့အနေဖြင့် သျှမ်းပြည်နိုင်ငံရေးခေါင်းဆောင်များကို "ဘယ်လိုအငြိုးအတေးတွေနဲ့ လုပ်လိုက်တာလဲ"ဟု သံသယဖြစ်မိပါသည်။

## မော်ကွန်းသမိုင်း

သမိုင်းကိုလေ့လာတင်ပြရမည်ဆိုလျှင် ပုဂံပြည့်ရှင် နရသီဟပတေ့မင်း (မင်းခွေးချေး) လက်ထက်တွင် တရုတ်ကေရာဇ် ကူဗလိုင်ခန်သည် မြန်မာနိုင်ငံကိုတိုက်ခိုက်ခဲ့သည်။ ပထမဦးစွာအသက်ပေးကာကွယ်ခဲ့သူများမှာသျှမ်းအမျိုးသားများဖြစ်ကြသည်။ သျှမ်းတပ်ကြီးပျက်၍သာလျှင် တရုတ်တို့သည်ပုဂံကိုသိမ်းပိုက်နိုင်ခဲ့သည်။ ဗမာဘုရင်တပ်က ပုဂံ အရှေ့ဖက်ငဆောင်ချမ်းအရပ်မှခုခံခဲ့သော်လည်း သျှမ်းစစ်သည်တော်လောက် အကျအဆုံးမများခဲ့ပါ။

တတိယမြန်မာနိုင်ငံတည်အလောင်းဘုရား၏သားတော်ဆင်ဖြူရှင်မင်းလက်ထက်တွင် တရုတ်ကျူးကျော်စစ်ကို ၄ ကြိမ်တိုင်တိုင် ဗမာဘုရင်တပ်က ချေမှုန်းနိုင်ခဲ့ကြောင်း သမိုင်းတွင်အမွန်းတင်ခဲ့သော်လည်း စစ်ပွဲ ၄ ကြိမ်စလုံးတွင်ပါဝင်ခဲ့ကြသော သျှမ်းသူရဲကောင်းများနှင့် သျှမ်းပြည်သူလူထုအခန်းကဏ္ဍကို ထိန်ချန်ခဲ့သည်။ စစ်ပွဲတွင် ဗမာဘုရင်တပ်ကို ထမင်းတနပ်မှမငတ်ရလေအောင် ဒေသခံရှမ်းပြည်သူထု အချိန်မီထမင်းထုပ်ပေးပို့ခဲ့ပါသည်။ တရုတ်စကားကျွမ်းကျင်စွာပြောတတ်သောသျှမ်းသူရဲကောင်းများသည် စျေးသည်များဟန်ဆောင်ကာ တရုတ်စစ်တပ်အတွင်းသွားရောက်၍ စစ်ရေးသတင်းများထောက်လှမ်းပေးခဲ့သည်။ ထိုရရှိခဲ့သောသတင်းများအပေါ်အခြေခံ၍ ဗမာဘုရင်တပ်က သေနင်္ဗျူဟာဖြင့်ပြောက်ကျားစစ်ဆင်နွှဲခဲ့သောကြောင့် ကျူးကျော်စစ်ပွဲတိုင်းအောင်မြင်ခဲ့ခြင်းဖြစ်သည်။

၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲတွင်လည်း နယ်ချဲ့အင်္ဂလိပ်တို့ကို ဗမာဘုရင်တပ်နှင့်လက်တွဲကာ သျှမ်းအာဇာနည်များပါဝင်ခဲ့ကြပါသေးသည်။ အထင်ရှားဆုံးဝက်ထီးကန်တိုက်ပွဲတွင် သျှမ်းအမျိုးသမီး ၃ ဦးသည်သူရသတ္တိနှင့်ပြည့်စုံကြောင်းပြသခဲ့သည်။ မြန်မာ့သမိုင်းတွင်အနည်းအကျဉ်းမျှသာဖေါ် ပြထားသော်လည်း စစ်ပွဲတွင်ပါဝင်ခဲ့ကြသောအင်္ဂလိပ်စစ်တပ်အရာရှိများက "ရန်သူပင်ဖြစ်လင့်ကစား" သျှမ်းအမျိုးသမီး ၃ ဦး၏သူရသတ္တိပြည့်စုံမှုကို ကမ္ဘာ့သမိုင်းတွင် မော်ကွန်းရေးထိုးပေးခဲ့ကြပါသည်။

ဦးနေဝင်းအာဏာသိမ်းယူခဲ့သောကိစ္စတွင်လည်း သျှမ်းစော်ဘွားများ ပြည်ထောင်စုမှခွဲထွက်ရန်ကြိုးစားခဲ့သည်ဟု စွပ်စွဲခဲ့သော်လည်း ထိုအချိန်က သျှမ်းစော်ဘွားများသည် ပဒေသရာဇ်အာဏာစွန့်ထားပြီးဖြစ်သဖြင့် လက်နက်အင်အားနှင့်လူအင်အားများမရှိကြတော့ပါ။ ဘယ်သူမှအရူးထပြီး ပြည်ထောင်စုမှခွဲထွက်ဖို့မကြိုးစားခဲ့ပါ။ ထောက်လှမ်းရေးသတင်းမှားများကြောင့်ဖြစ်သည်ဟုအာဏာသိမ်းအဖွဲ့တွင်ပါဝင်သောဗိုလ်မှူးချုပ်တင်ဖေက ဦးခွန်ထီး(ပင်လုံ)ကိုပြောပြခဲ့ပါသည်။

ယနေ့ဗိုလ်ချုပ်မှူးကြီးလက်ထက်တွင် နောက်တဖန်သျှမ်းတွေအပေါ်ထပ်မံနှိပ်ကွပ်မှုပြုလုပ်နေသောကြောင့် မလိုလားအပ်သောသွေးကွဲမှု၊ အငြိုးအာဃာတများ ပိုမိုကြီးထွားဖြစ်ပေါ်စေနိုင်သည်။

## သံဝေဂသတိပြုရန်

ပထမမြန်မာနိုင်ငံတည် အနော်ရထာမင်းသည် သိကြားမင်းဆက်သသော"ကြိမ်စကြာ" ကိုရရှိခြင်းကြောင့် ဘဝင်မြင့်ကာ ထိုကြိမ်စကြာဖြင့် နတ်အပေါင်းကိုခေါ်ယူကာ "နတ်လှော်ခန်း" ၌ အပျင်းပြေရိုက်နှက်ကစားခဲ့ဖူးသည်။ ဘုန်းကံဇာတာတက်နေသောအချိန်ဖြစ်သောကြောင့် ဘာမှမဖြစ်ခဲ့သော်လည်း ဘုန်းကံဇာတာနိမ့်သောအခါ နတ်အပေါင်းတို့သည် ကျွဲဖြူဖန်ဆင်း၍ခတ်သတ်သဖြင့် အလောင်းပင်ပြန်မရပဲ အသေဆိုးဖြင့်နတ်ရွာစံခဲ့ရသည်။ ဤဖြစ်ရပ်တို့သည် ဟုတ်မှန်ကြောင်း ပုဂံရှိခလေးသူငယ်တိုင်း သိရှိကြပါသည်။

အနီးစပ်ဆုံးဥပမာပြရလျှင် မိမိကိုယ်မိမိ ရာသက်ပန်အာဏာရှင်ဟုကြွေးကြော်ခဲ့သော ဦးနေဝင်းသည် သေလွန်သောအခါ လူသူကင်းမဲ့မျက်နှာငယ်စွာဖြင့်သေဆုံးခဲ့ရသည်။ ချက်ချင်းသဂြိုဟ်ရခြင်းမှာလည်း နှာခေါင်းမခံနိုင်အောင်ပုပ်နံ့သောကြောင့် ဟုထိန်ပင်မီးရှို့စက်မှဝန်ထမ်းများကပြောပြပါသည်။ တိုင်းရင်းသားတို့အပေါ် စိတ်သဘောထားဖြူစင်ခဲ့သောအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း အသုဘရာပနအခမ်းအနားနှင့် နှိုင်းယှဉ်၍မရအောင်ကွာခြားလွန်းပါသည်။ ဤအချင်းအရာတို့သည် တရားသဘောအရ သံဝေဂယူထိုက်သောသင်ခန်းစာဖြစ်ကြောင်းထောက်ပြလိုပါသည်။

## မတရားသောဥပဒေ

သျှမ်းခေါင်းဆောင်များကို တရားရုံးတင်စစ်ဆေးသောအခါတွင် ရှေ့နေငှါးရမ်းခွင့်မပေးခြင်း၊ လူအများရှေ့တွင်ကြားနာစစ်ဆေးခွင့်မပေးသည့်ပြင် တိတ်တဆိတ်မျက်ကွယ်ပြုတရားစီရင်ခြင်း၊ SSA မြောက်ပိုင်းအဖွဲ့သည်ညီလာခံတက်နေပါလျက် ခေါင်းဆောင်ဗိုလ်ချုပ် ဆေထဲင် ကို ညီလာခံကိုကာကွယ်သောပုဒ်မ ၅ /၉၆ တပ်ကာ ပြစ်ဒဏ်ပေးခြင်း



INDP 228.pmd 30 12/5/2006, 10:22 AM

| အမည် | အဖွဲ့အမည် | စီရင်ချက်ပုဒ်မများ | စုစုပေါင်းပြစ်ဒဏ် | မှတ်ချက် |
|---|---|---|---|---|
| ဗိုလ်ချုပ်ဆေထဝ်င | သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်အညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ ပုံနှိပ်ဥပဒေ၊ သွင်းကုန်ထုတ်ကုန်ဥပဒေ၊ | (၁၀၆)နှစ် | ခန္တီးထောင် |
| ခွန်ထွန်းဦး | ဥက္ကဌ (SNLD) | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်အညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ သွင်းကုန်ထုတ်ကုန်ဥပဒေ၊ အရေးပေါ်စီမံမှုဥပဒေ၊ နိုင်ငံခြားငွေကိုင်ဆောင်မှု(၃)မှု၊ နိုင်ငံတော်စီးပွါးရေးအမှု၊ | (၉၃) နှစ် | ပူတာအိုထောင် |
| စိုင်းညွန့်လွင် | အတွင်းရေးမှူး (SNLD) | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်အညိုပျက်စေမှု (၂) မှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊အသင်းအဖွဲ့ဥပဒေ၊ပုံနှိပ်ဥပဒေ | (၈၅) နှစ် | ကလေးထောင် |
| စိုင်းလှအောင် | ဗဟိုအမှုဆောင် (SNLD) | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်အညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ | (၇၉) နှစ် | ကျောက်ဖြူထောင် |
| စဝ်သာဦး | ။ ။ | အသင်းအဖွဲ့ဥပဒေ၊ ပုံနှိပ်ဥပဒေ | (၁၂) နှစ် | ဖေါ်ကောင်လုပ်၍ပြန်လွှတ်ပေး |
| ဦးမြင့်သန်း | မျိုးဆက်သစ်–သျှမ်းပြည် | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်ညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ ပုံနှိပ်ဥပဒေ | (၇၉) နှစ် | သံတွဲထောင်၌ထောင်တွင်းဒဏ်ရာဖြင့်သေဆုံး |
| ဦးထွန်းညို | မျိုးဆက်သစ်–သျှမ်းပြည် | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်ညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ ပုံနှိပ်ဥပဒေ၊ | (၇၉) နှစ် | ဘူးသီးတောင်ထောင် |
| ဦးညီညီမိုး | မျိုးဆက်သစ်–သျှမ်းပြည် | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်ညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ ပုံနှိပ်ဥပဒေ | (၇၉) နှစ် | ပခုက္ကူထောင် |
| စိုင်းမျိုးဝင်းထွန်း | မျိုးဆက်သစ်–သျှမ်းပြည် | နိုင်ငံတော်ပုန်ကန်မှု၊နိုင်ငံအကြည်ညိုပျက်စေမှု၊ အခြေခံဥပဒေကာကွယ်ရေးဥပဒေ၊ အသင်းအဖွဲ့ဥပဒေ၊ ပုံနှိပ်ဥပဒေ၊ | (၇၉) နှစ် | မြင်းခြံထောင် |
| ဦးရွှေအုန်း | သဘာပတိအဖွဲ့ဝင် (UNLD) ဥက္ကဌ (ရတဒဖ) | နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၀ (ခ)နှင့် ၁၁ | တောင်ကြီးနေအိမ်တွင်ခြေချုပ်ဖြင့် (၁) နှစ် | နိုင်ငံတော်မှတစ်ရက်လျှော့ပေးကာ (၈၊ ၂၊ ၀၆) တွင်လွှတ်ပေးခဲ့ |

စသည်တို့သည်မတရားသောနှိပ်ကွပ်မှုကြီးဖြစ်နေကြောင်း ဥပဒေလမ်းကြောင်းအရ ထင်ရှားနေပါသည်။ ယခင်ဦးနေဝင်း အာဏာသိမ်းစဉ်ကလည်း ညောင်ရွှေစော်ဘွားသား စဝ်မီ ၁၇ နှစ် ကိုပစ်သတ်ခဲ့သလို ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်သည်လည်းထောင်သွင်းချခံနေရစဉ်ကွယ်လွန်ခဲ့ရပါသည်။ ထို့ပြင်ခေတ်ပညာတတ် သီပေါစော်ဘွားစဝ်ကြာဆိုင် ကိုလည်း ၁၉၆၂ ခုနှစ် မတ်လ ၃ ရက်တွင်တောင်ကြီးမြို့အဝင်၌ဖမ်းဆီးခေါ် ဆောင်သွားရာ ယနေ့အချိန်ထိ ဘာသတင်းမှ မရပဲပျောက်ဆုံးနေပါသည်။

ယနေ့တဖန်ဗိုလ်ချုပ်မှူးကြီးလက်ထက်တွင်လည်း(မျိုးဆက်သစ်–သျှမ်းပြည်)ခေါင်းဆောင်ဦးမြင့်သန်းကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ပြီးပါပြီ။ ဦးမြင့်သန်း သံတွဲဆေးရုံကြီးတွင်သေဆုံးခဲ့ရသောဖြစ်စဉ်ကိုကြည့်လျှင်အင်းစိန်ထောင်တွင်းရိုက်နှက်စစ်ဆေးခဲ့သောအတွင်းကြေဒဏ်ရာများကြောင့်သေဆုံးခဲ့ရသည်ဟု သံတွဲဆေးရုံဆရာဝန်များကအတည်ပြုပြောဆိုပါသည်။ ဖမ်းဆီးထားသူများကိုလည်း မိဘဆွေမျိုးများနှင့်ဝေးကွာအောင် ဝေးလံသောအရပ်ဒေသများသို့ပို့ခဲ့ပါသည်။ ကျန်ရှိနေသေးသောဖမ်းဆီးခံရှမ်းပြည်နိုင်ငံရေးအကျဉ်းသမားများသည် သေနေ့ကိုစောင့်မျှော်နေရပါသည်။

ဗမာ၊ သျှမ်း၊ ကချင်၊ ကရင် စသောတိုင်းရင်းသားနိုင်ငံရေးသမားများထဲတွင် သျှမ်းကိုပိုမိုပြီးနှိပ်ကွပ်သည်ဟုထင်ရပါသည်။ သျှမ်းခေါင်းဆောင်များကို နှစ်ရှည်စီရင်ချက်ချခြင်းသည် မိမိတို့တိုင်းရင်းသားများနှင့်တိုက်ရိုက်မပတ်သက်သော်လည်း ကျန်ရှိနေသောတိုင်းရင်းသားအားလုံးကိုခြိမ်းခြောက်ရာရောက်ပါသည်။ ထို့ကြောင့်သွယ်ဝိုက်၍ ပတ်သက်ပါသည်။ တိုက်ရိုက်ခံစားကြရသူများမှာ SNLD ပါတီကိုတခဲနက်မဲပေးခဲ့ကြသောမဲဆန္ဒနယ် ၂၃ နယ်မှ ပြည်သူလူထုများ၊ SSA မြောက်ပိုင်းတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်–သျှမ်းပြည်မှမွေးထုတ်ပေးခဲ့သော ထောင်သောင်းမက ကျောင်းသားကျောင်းသူမျိုးဆက်သစ်လူငယ်များ၊ ဖမ်းဆီးခံရသူများ၏မိသားစုများသည် ယနေ့တိုင်စိတ်သောကဗျာပါဒ များနေရဆဲဖြစ်ပါသည်။

သံတွဲအကျဉ်းထောင်တွင်ကျခံနေသော သျှမ်းပြည်နိုင်ငံရေးခေါင်းဆောင် ဦးမြင့်သန်း(မျိုးဆက်သစ်–သျှမ်းပြည်) သည် ထောင်တွင်းရိုက်နှက်စစ်ဆေးသောဒဏ်များကြောင့် သံတွဲဆေးရုံ၌ကွယ်လွန်ခဲ့ရလေပြီ။ ထိုမှုမကတနိုင်ငံလုံးရှိနိုင်ငံရေးအကျဉ်းသားမိသားစုတို့သည်လည်း ငိုကြွေးကြလေပြီ။

တိုင်းရင်းသားလူငယ်များက ဖြူစင်သောစိတ်စေတနာဖြင့်အကြံပြုလိုသည်မှာ ယနေ့ရင်ဆိုင်နေရသောနိုင်ငံရေးဒုက္ခ၊ ဆင်းရဲကျပ်တည်းမှုဒုက္ခ၊ တိုင်းရင်းသားညီနောင်အချင်းချင်းသတ်ဖြတ်နေသောဒုက္ခတို့မှ အချိန်တိုအတွင်းအမြန်ဆုံးလွတ်မြောက်လိုပါက–

၁) NLD အပါအဝင် ရွေးကောက်ခံတိုင်းရင်းသားပါတီများ (ဥပမာ–ရခိုင်၊ သျှမ်း၊ မွန် ပါတီများ–––)

၂) လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ထားသောအဖွဲ့များ (ဥပမာ– ကေအိုင်အို၊ မွန်ပြည်သစ်ပါတီ၊ သျှမ်းပြည်တပ်မတော်–)

၃) ယနေ့တိုင်တိုက်ခိုက်နေကြဆဲဖြစ်သောအဖွဲ့များ (ဥပမာ–KNU, KNPP, SSA -S , CNF--)

၄) ပြည်ပရောက်တိုင်းရင်းသားညီအစ်ကိုများ

(ဥပမာ–NCUB, MPU, ဦးသန့်အရေးတော်ပုံနှင့် (၈၈) အရေးတော်ပုံကျောင်းသားများအားလုံး–)ပါဝင်သော တတိယပင်လုံညီလာခံသို့ချီတက်သွားမည်ဆိုလျှင် ယနေ့ကျင်းပနေသော **ညောင်နှစ်ပင် ရုဒ်မက်ပ်** သည် **သားရွှေအိုး ထမ်းလာသော ရုဒ်မက်ပ်** ဖြစ်သွားကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ခေတ်မှီဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဆီသို့ အမြန်ဆုံးရောက်ရှိနိုင်မည့် တစ်ခုတည်းသောလမ်းစ ဖြစ်ပါကြောင်း။

ညီနောင်မျိုးဆက်များ

တိုင်းရင်းသားလူငယ်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

Ethnic Youth Network Group

### အယ်ဒီတာမှတ်ချက်။

EYNG ၏ ၃၀၊ ၁၀၊ ၀၆ ရက်နေ့ နအဖ ဥက္ကဋ္ဌထံ အိပ်ဖွင့်ပေးစာမှ ရွေးထုတ်ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။






INDP 228.pmd 32 12/5/2006, 10:22 AM

# ထိုင်းဒီမိုကရေစီ ပြည်သူ့မဟာမိတ်အဖွဲ့ချုပ် (PAD) ၏ အမျိုးသားပြည်သူ့ညီလာခံ

## ပြည်သူများ၏ ပြည်သူ့အခြေခံဥပဒေအတွက် ပြည်သူ့ညီလာခံဖွဲ့စည်းပုံဇယားကွက်




ထိုင်းနိုင်ငံ ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ချုပ် (PAD) က အာဏာသိမ်းစစ်အုပ်စုတဖြစ်လဲ–အမျိုးသားလုံခြုံရေးကောင်စီ (CNS) နှင့် စင်ပြိုင်၊ ပြည်သူများပါဝင်ရေးဆွဲခွင့်ရှိသော အခြေခံဥပဒေပေါ်ပေါက်ရေး၊ အမျိုးသားပြည်သူ့ညီလာခံတရပ်ခေါ်ယူကျင်းပရန် အတွက် ထုတ်ပြန်ကြေငြာစည်းရုံးလှုံ့ဆော်ခဲ့သည်။

## အခြေခံမှု နှင့် အကျိုးအကြောင်း

အာဏာသိမ်းမှုနှင့် မူလအခြေခံဥပဒေ ဖျက်သိမ်းမှုအခြေအနေအတွင်းမှ အခြေခံဥပဒေသစ် ထပ်မံရေးဆွဲရေးဆိုင်ရာ ပြည်သူလူထု၏ဝေဖန်သုံးသပ်မှုရေစီးကြောင်းသည် အနှီအခြေခံ ဥပဒေရေးဆွဲရေးဖြစ်စဉ်အရ ယခင်အာဏာပိုင်ဟောင်းအုပ်စု၏ ချုပ်ကိုင်ခြယ်လှယ်ခြင်းအပေါ်ရင်လေးမိကြောင်း၊ အာဏာနိယာမ အတွေးအမြင်သောင်အရ ၁၉၉၇ အခြေခံဥပဒေထက် ခေတ်နောက်ကျပြီး ဒုတိယအကြိမ် နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲရေးအတွက် ဦးတည်ခြင်းမဖြစ်မည်ကို စိုးရိမ်ရကြောင်း ထောက်ပြသည်။

သို့ဖြစ်၍ အခြေခံဥပဒေသစ်ရေးဆွဲရေးသည်ယာယီကြားဖြတ်အစိုးရ(သို့) အမျိုးသားလုံခြုံရေးကောင်စီ (CNS) ၏အခြေခံဥပဒေရေးဆွဲရေးလွှတ်တော်(သို့)နိုင်ငံရေးသမားများ၏ကြီးစိုးလွှမ်းမိုးမှု မခံရစေရန်၊ အများပြည်သူမျှော်မှန်းတောင့်တမှုနှင့် အမှန်တကယ် အံဝင်ဂွင်ကျဖြစ်စေရန်၊ ဒီမိုကရေစီအရေးလှုပ်ရှားလှုံ့ဆော်ရေးကော်မတီ၊ အစိုးရ–ပုဂ္ဂလိကဖက်စပ်ကဏ္ဍ၊ အလုပ်သမားသမဂ္ဂ၊ ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ချုပ်၊ ပြည်သူ့အဖွဲ့အစည်းကွန်ယက် စသည်များက အခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် ပြည်သူ့ညီလာခံခေါ်ယူရန် စီစဉ်စိုင်းပြင်းလာကြခြင်းဖြစ်သည်။

## အယူအဆရှုဒေါင့်

အခြေခံဥပဒေသစ်ရေးဆွဲရေးသည် ဒုတိယအကြိမ် နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲမှုအတွက်နှင့် ပြည်သူလူထုအတွင်း ပဋိပက္ခဖြေလျှော့မှုအတွက်ဖြစ်စေရမည်။ သို့ဖြစ်၍ နိုင်ငံအဝှမ်းပြည်သူလူထုတစ်ရပ်လုံး ကျယ်ပြန့်စွာလက်တွေ့ကျကျပါဝင်ခွင့်ရှိရေးအတွက် လူထုအခြေခံ ပြည်သူ့အဖွဲ့အစည်းအနေနှင့် ၁၉၉၇ အခြေခံဥပဒေထက်ခေတ်မီတိုးတက်စေရန်၊ ၁၉၉၇ အခြေခံဥပရေးဆွဲခဲ့စဉ်က ပြည်သူလူထု၏နိုးကြားပါဝင်မှုထက် မလျော့ပါးစေရန် ဝိုင်းဝန်းပြုပြင်ဖန်တီးပေးရမည်။

## ဦးတည်ချက်

၁) ပြည်သူလူထုဆန္ဒနှင့်အညီ အခြေခံဥပဒေပေါ်ပေါက်ရေးစီစဉ်ဆောင်ရွက်ရန်။

၂) အခြေခံဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏အခန်းကဏ္ဍ၊ လူမှုအဖွဲ့အစည်း၏ထင်မြင်ယူဆချက်အကြံဉာဏ်များနားထောင်လက်ခံရန်။

၃) အာဏာသိမ်းအုပ်စုမှဖွဲ့စည်းပေးသော အမျိုးသားလုံခြုံရေးကောင်စီ (CNS) ၏အခြေခံဥပဒေရေးဆွဲရေးလွှတ်တော်နှင့် စင်ပြိုင်လွှတ်တော်ဖြစ်စေရန်။

၄) အခြေခံဥပဒေသစ်ရေးဆွဲရေးဖြစ်စဉ်အပေါ် တစ်နိုင်ငံလုံး ပြည်သူများပါဝင်ခွင့်ရရှိစေရန်။

## အချိန်ကာလသတ်မှတ်မှု

၅ လ (၂၀၀၆ နိုဝင်ဘာလမှ ၂၀၀၇ မတ်လအထိ)

## လုပ်ထုံးလုပ်နည်း

၁) ပြည်သူများပါဝင်ရေးဆွဲသော အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တနိုင်ငံလုံးလူထုအစည်းအဝေးများခေါ်ယူရာမှပြည်သူ့ညီလာခံတရပ်ကျင်းပပြီး လုပ်နည်းလုပ်ဟန်နှင့်ဦးတည်ရည်မှန်းချက် ရှေ့ပြေးအနှစ်သာရများသတ်မှတ်ခြင်း။

၂) ခရိုင်အဆင့် အခြေခံဥပဒေရေးဆွဲရေးပြည်သူ့ညီလာခံဖြစ်မြောက်စေရန် ဒေသကြီး ၆ ခုတွင် လူထုအစည်းအဝေး အသီးသီးခေါ်ယူကျင်းပခြင်း။

၃) ခရိုင်အလိုက် ၇၆ ခရိုင်စလုံးတွင် ဖြစ်နိုင်ခြေအပေါ်မူတည်၍ ခရိုင်အဆင့် ပြည်သူ့ညီလာခံများကျင်းပခြင်း။

၄) ဒီမိုကရေစီအရေးကွန်ယက်အဖွဲ့အစည်းများ၊လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများ၊ အလုပ်သမားလယ်သမားသမဂ္ဂများ၊ အစိုးရနှင့် မသက်ဆိုင်သောပုဂ္ဂလိက NGO အဖွဲ့များ၊ ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ချုပ်၊ တတ်သိပညာရှင်၊ စီးပွါးရေးလုပ်ငန်းရှင် နှင့်ကျောင်းသားလူငယ်များမှ ရွေးချယ်တင်သွင်းသည့် ကိုယ်စားလှယ်များဖြင့် အဖွဲ့ဝင် ၁၀၀ ပါရှိသော ဗဟိုအလုပ်အမှုဆောင်ကော်မီတီတစ်ရပ်ဖွဲ့စည်းခြင်း။

## ရှေ့ပြေးအဓိက လုပ်ငန်းများ

၁၉၉၇ အခြေခံဥပဒေပါ အနှစ်သာရများအပေါ်အခြေခံဘောင်ခတ်၍ အခြေခံဥပဒေသစ်ရေးဆွဲရေးတွင် မွှီးမံဖါထေးထုတ်နုတ်သည့်လက္ခဏာပုံစံဆောင်ရွက်မည်၊ ဗဟိုအစိုးရအာဏာလျော့ပါးရေး၊ ပြည်သူလူထုအာဏာတိုးချဲ့ဖြည့်တင်းရေးအတွက်လက်ကိုင်ထားရမည်။ သို့တည်းမဟုတ် အားကောင်းသောဝန်ကြီးချုပ် (Strong's Priminister) မှအားကောင်းသောလူထု (Strong's People) အနေအထားဖြစ်လာစေရန် အောက်ပါရှေ့ပြေး ၁၃ ချက်အတိုင်း လိုက်နာကျင့်သုံးမည်။

၁) အခြေခံဥပဒေသစ်အောက်တွင် လွတ်လပ်သော NGO အဖွဲ့များ၏အနေအထားအား စနစ်တခုလုံးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံရေးလောက၏လွှမ်းမိုးခြယ်လှယ်မှုဖယ်ရှားရေး၊ လူမှုအဖွဲ့အစည်းနှင့်ပြည်သူလူထု၏စောင့်ကြပ်စီစစ်မှုအပေါ်လွှမ်းမိုးသည့် လွတ်လပ်သောအာဏာသစ်အုပ်စုမဖြစ်ပွါးစေရန် လွတ်လပ်သည့်အဖွဲ့အစည်းများအတွင်း ပါဝင်ရွေးချယ်တာဝန်ထမ်းနိုင်ရန် တရားရုံးများနှင့် ပြည်သူလူထုကဏ္ဍ ဩဇာတိုးမြှင့်ရေး။

၂) အခြေခံဥပဒေပုဒ်မ ၃၉၊ ၄၀၊ ၄၁ များနှင့်ဖီလာဆန့်ကျင်သည့် ဥပဒေဟောင်းများရုပ်သိမ်းမှုနှင့်တပြိုင်တည်း ဒုတိယအကြိမ်မီဒီယာပြုပြင်ပြောင်းလဲမှုပြုလုပ်ရေး၊ မီဒီယာလွတ်လပ်ခွင့်ကိုကာကွယ်စောင့်ရှောက်သော ဒေသတွင်းလူမှုအဖွဲ့အစည်း ဆိုင်ရာအသံလွှင့်ဌါနများ၏အခွင့်အရေးနှင့်လွတ်လပ်ခွင့်အပါအဝင်၊ ပြည်သူလူထု၏အတွေးအမြင်အယူအဆကိုကာကွယ်စောင့်ရှောက်သောအခြေခံဥပဒေနှင့်လိုက်လျောညီထွေသည့်ပြဋ္ဌါန်းချက်များချမှတ်ရေး၊ ထို့ပြင်နိုင်ငံပိုင်ရုပ်သံလွှင့်ရုံများပြုပြင်ပြောင်းလဲရေးပေါ်လစီအရ အစိုးရအာဏာစက်နှင့်အရင်းရှင်အာဏာစက်များ၏လောင်းရိပ်အောက်မှ လွတ်ကင်းသော ပြည်သူအများပိုင်လွတ်လပ်သည့် ရုပ်သံလွှင့်ရုံများဖြစ်စေရေး။

၃) အခြေခံဥပဒေသစ်တွင် လူမှုအဖွဲ့အစည်းအခွင့်အရေး (Community Rights)နှင့်ပြည်သူများပါဝင်ပူးပေါင်းမှု (People Participation) ဆိုင်ရာအပိုဒ်တစ်ပိုဒ်အဖြစ် ထပ်မံဖြည့်စွက်ရေး။

၄) ဝန်ကြီးချုပ်ရာထူးသက်တမ်း ၂ ခါ (သို့) ၈ နှစ်ထက်မပိုသောကန့်သတ်ချက်ထားရှိပြီး ဝန်ကြီးချုပ်အပေါ်အယုံအကြည်မရှိအဆိုတင်သွင်းမှုလွယ်ကူစေရန် ပြုပြင်ရေး။

၅) ဥပဒေပုဒ်မများနှင့်ပြဋ္ဌါန်းချက်များချမှတ်ခြင်း၊ နိုင်ငံတော်အသုံးစရိတ်များသတ်မှတ်ရန်သုံးသပ်ဆုံးဖြတ်ခြင်းစသည့်ဥပဒေပြုရေးကဏ္ဍများတွင် ပြည်သူလူထုပါဝင်နိုင်မှုအခွင့်အလမ်းများ ဖန်တီးတိုးမြှင့်ပေးရေး၊ အစိုးရတစ်ခုတည်းချုပ်ကိုင်ထားမှုမရှိစေရေး။

၆) ဒေသအသီးသီးအပေါ် ဗဟို၏ထိန်းချုပ်မှု အလွန်အကျူးမဖြစ်စေရန်အာဏာသုံးစွဲမှု ပီပြင်ပြတ်သားစွာခွဲခြားသတ်မှတ်နိုင်စေရန်၊ ဒေသတွင်းအာဏာနှင့်လွတ်လပ်မှု တိုးမြှင့်ပေးခြင်းဖြင့် နယ်မြေဒေသအသီးသီးအား အာဏာဖြန့်ကြက်မှုဘောင်ခတ်ပေးရေး။

၇) ငွေကြေးခနေ နိုင်ငံရေးနှင့်နိုင်ငံရေးအာဏာဖြင့်လက်ဝါးကြီးအုပ်စီးပွါးရေး (သို့) ကိုယ်ကျိုးစီးပွါးပြဿနာ ပဋိပက္ခပြဿနာများဖြေရှင်းရေး၊ လက်ဝါးကြီးအုပ်မှုကိုကာကွယ်ရန်ဥပဒေပြဋ္ဌါန်းချက်များပြု



INDP 228.pmd 34 12/5/2006, 10:22 AM

ပြင်ရေးနိုင်ငံရေးအုပ်စုလက်အောက်ခံမဖြစ်သော လွတ်လပ်စွာစီးပွါး ကုန်သွယ်မှုပိုင်ဆိုင်ရေး၊ ကော်မတီများ၏အခန်းကဏ္ဍမြှင့်တင်ခြင်း– မီဂါပရိုဂျက် ကဲ့သို့သောကန်ထရိုက်စနစ်များအမြစ်လှန် ပြောင်းလဲပစ်ရန်၊ လူထုကြားနာပွဲ ဆန္ဒခံယူပွဲများကျင်းပခြင်း။

၈) နိုင်ငံရေးပါတီ လုပ်ထုံးလုပ်နည်းများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (MP) များဆိုင်ရာ ပါတီအသီးသီး၏ မဲဆန္ဒအနိုင်ရပါတီလစ် ကန့်သတ်မှုစနစ်ကိုပြုပြင်ပြီး ပါတီအလိုက်မဲဆန္ဒ ၅% ထက်မနည်းရရှိရန်လိုအပ်ရေး။

၉) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် MP အဖြစ်အရွေးချယ်ခံလိုလျှင် နိုင်ငံရေးပါတီဝင်များဖြစ်ရမည်။ MP နှင့် အထက်လွှတ်တော်အမတ် (Senator) ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံလိုသူတိုင်း အခြေခံတက္ကသိုလ်ပညာအောင်ရမည် ဟူသောပြဋ္ဌာန်းချက်များ ယုတ်သိမ်းရေး။

၁၀) အလုပ်သမားသမဂ္ဂများ၊ သမဝါယမနှင့်လယ်သမားဖက်ဒရေးရှင်းများဖွဲ့စည်းနိုင်ရေးအတွက် လူထုစည်းလုံးစုဝေးမှုနှင့် ညှိနှိုင်းတင်ပြမှုဆိုင်ရာအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေး။

၁၁) မဲဆန္ဒပေးခွင့်ရှိသည့်ပြည်သူများအတွက် အဆင်ပြေလွယ်ကူစေရန် ဒေသခံပညာရေးရုံးများ၊ စာသင်ကျောင်းများ၌မဲရုံအဖြစ်အသုံးပြုရေး။

၁၂) အစိုးရလုပ်ငန်းများစီမံခန့်ခွဲရာ၌ ကန့်သတ်မှုနှင့် ဆက်နွယ်မှုများချမှတ်ပေးရေး၊ နိုင်ငံ၏အခြေခံပေါ်လစီနှင့်ချိတ်ဆက်စပ်လျဉ်းသော ပေါ်လစီများချမှတ်ရာတွင် အစိုးရမှ ရေ့တိုးဖြစ်ထွန်းမှုရလဒ်များတွက်ဆခန့်မှန်းရေး။

၁၃) အခြေခံဥပဒေပြင်ဆင်ရာတွင် ပြည်သူများမှ အကြံပြု တင်ပြနိုင်သော အခွင့်အလမ်းရရှိရေး စသည်တို့ဖြစ်သည်။

မတိချွန်းသတင်းစာ
(၁၀၊ ၁၀၊ ၀၆)

# ဖားတုလိုသည့်ခရု အစီအစဉ်ပျက်ပြား

ဝန်ကြီးချုပ်ဟောင်းနှင့် ထိုင်းရတ်ထိုင်းပါတီခေါင်းဆောင် ထတ်ဆင်ချင်းနဝပ် တစ်ယောက် ထိုင်းနိုင်ငံသို့ ကမ္ဘာသိပြန်လာရန် ကျိတ်စီစဉ်စိတ်ကူးခဲ့၏။ ကမ္ဘာ့မဟာမီဒီယာများဖြစ်ကြသည့် CNN နှင့် BBC ပြည်တွင်းထိပ်တန်းမီဒီယာများအားဖိတ်ကြား၍လူစုလူဝေးအအုပ်ကြီးဖြင့်အုတ်အော်သောင်းနင်းကြိုဆိုပွဲပြုလုပ်ရန်ကိုပါစီစဉ်ဖို့ဆန္ဒရှိခဲ့၏။အာဏာသိမ်းစစ်အစိုးရအာဏာပိုင်များ၏ခေါ်ယူထိန်းသိမ်းအကျယ်ချုပ်ခြင်းကိုပင် ဗမာပြည် NLD ခေါင်းဆောင် အောင်ဆန်းစုကြည်ကဲ့သို့ ခံယူလိုက်လျော့ရန်ပြင်ဆင်ထားလိုက်သေးသည်။



STEPHFF'S VIEW
stephff@loxifo.co.th

သို့သော်သတင်းပေါက်ကြားခဲ့ပြီး အမျိုးသားလုံခြုံရေးကောင်စီ CNS သို့ စကော်ပူမှသတင်းပို့သဖြင့် ၎င်းအစီအစဉ်ပျက်ပြားခဲ့သည်ဟုဆို၏။

မည်သည့်အုပ်စုမှမည်သူများက နိုင်ငံရေးအမြတ်ထုတ်ရန် လံကြုပ်သတင်းလွှင့်စေကာမူ အနီ ကောဋ္ဌဟာဋ္ဌသည် ဝန်ကြီးချုပ်သစ် ဆူရယုဒ်ချူလာနွန်းအပါအဝင် CNS တို့အဖို့အတော်အတန်တုံလှုပ်ခြောက်ခြားစေခဲ့သည်။ ယခင်ဝန်ကြီးချုပ်ဟောင်းတဦးဖြစ်သူ ချွန်လီဂ်ဖိုင်း ကလည်း CNS အနေဖြင့် ဘာကြောင့်အာဏာသိမ်းခဲ့ရသည်ကို ပြည်သူလူထုသဘောပေါက်အောင် ရှင်းလင်းသင့်ကြောင်း၊ အကြောင်းမှာ ထတ်ဆင်ကို ယုံကြည်ထောက်ခံသူ များစွာရှိနေသေးကြောင်း ထောက်ပြခဲ့သည်။

**မတိချွန်းသတင်းစာ (၂၃၊ ၁၀၊ ၀၆)**



## တန်းတူရေး

သမိုင်းအဆက်ဆက်တွင် ရှမ်း၊ ရခိုင်၊ မွန်၊ ဗမာ စသော လူမျိုးများသည် အေဒီ (၁၁) ရာစု မတိုင်မီကပင် သီးခြားနိုင်ငံ၊ နယ်မြေ ဒေသထူထောင်ပြီးနေထိုင်လာခဲ့ကြသည်။ အချို့လူမျိုးများသည် ပဒေသရာဇ်စနစ်ထွန်းကား၍ ဘုရင့်နိုင်ငံဖြစ်ခဲ့ကြပြီးအချို့လူမျိုးများသည် ကားပဒေသရာဇ်စနစ်မထွန်းကားသော်လည်းစော်ဘွားစော်ကဲစော်ဖျာ စသည်များဖြင့်သီးခြားလွတ်လပ်စွာနေထိုင်လာခဲ့ကြသည်။ ယင်းကဲ့သို့ သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော အမျိုးသားအသီးသီးတို့သည် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့အတူတကွကျွန်ဘဝရောက်ခဲ့ရပြီး သူ့ကျွန်ဘဝမှလွတ်မြောက်နိုင်ရေးအတွက်လည်း အတူတကွ လက်တွဲ တိုက်ပွဲဝင်လာခဲ့ကြသည်။

လွတ်လပ်ရေးတိုက်ပွဲကာလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှလွတ်မြောက်သောအခါသီးခြားနိုင်ငံများ မထူထောင်ကြပဲ တန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုကို အတူ တကွထူထောင်ဖွဲ့စည်းကြဖို့အမျိုးသားအသီးသီးကိုဖိတ်ခေါ် ကမ်းလှမ်း ခဲ့သည်။ အမြော်အမြင်ကြီးမားပြီး ခေါင်းဆောင်ပီသသော ဗိုလ်ချုပ် အောင်ဆန်းသည် သီးခြားလွတ်လပ်စွာနေထိုင်လာခဲ့ကြသော အမျိုး သားအသီးသီးတို့၏သမိုင်းဖြစ်စဉ်များကိုသိသည်။ယင်းသမိုင်းဖြစ်စဉ်များ ကိုဥပေက္ခာပြု၍မရသည်ကိုလည်းကောင်းစွာသိသည်။ အကယ်တန္တု ယင်းဖြစ်စဉ်များကို ဥပေက္ခာပြု၍လွတ်လပ်ရေးယူသော် တောင်တန်း နယ်များနှင့် ဗမာပြည်မှာသီးခြားစီဖြစ်သွားမည်မှာသေချာသည်။ အောင်ဆန်း–အက်တလီစာချုပ်ကိုလေ့လာကြည့်လျှင် “ဗမာမဟုတ် သောအမျိုးသားများအနေဖြင့် မိမိတို့၏အနာဂတ်ကံကြမ္မာကို မိမိ တို့ကိုယ်တိုင်လွတ်လပ်စွာပြဌာန်းပိုင်ခွင့်ရှိကြောင်း” ဟု အနှစ်သာရ အားဖြင့်တွေ့ရမည်ဖြစ်သည်။ ယင်းစာချုပ်အရ မိမိတို့၏အနာဂတ် ကံကြမ္မာကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာပြဌာန်းပိုင်ခွင့်၏ ရင်းမြစ်သည် သမိုင်းအဆက်ဆက်သီးခြားစီတည်ရှိခဲ့သောအမျိုးသားများ၏ဖြစ်တည် မှုပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဗမာမဟုတ်သော အမျိုးသားများအနေ ဖြင့် တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်ကိုထူထောင်ရေး (သို့မဟုတ်) မထူထောင်ရေးကိစ္စကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာ ဆုံး ဖြတ်ရေးပင်ဖြစ်သည်။ ထို့ကြောင့်ယနေ့မြန်မာနိုင်ငံတွင် မှီတင်းနေ ထိုင်ကြသော အမျိုးသားအသီးသီးတို့၏ ကိုယ်တိုင်ဆုံးဖြတ်ခွင့်သည် ဗမာလူမျိုးတွင်၄င်း၊ ဗြိတိသျှလူမျိုးတွင် ၄င်းတည်မှီ နေခြင်းမဟုတ်သည် ကို အောင်ဆန်း–အက်တလီစာချုပ်က သက်သေထူနေပေသည်။

(ယခင်လမှ အဆက်)

# သျှမ်းပြည်မျိုးဆက်သစ်လူငယ်တစ်ဦး နှင့် အင်တာဗျူး

**မေး** အနာဂတ်ကို လူငယ်တွေကပိုင်ဆိုင်တယ်တဲ့။ လူငယ်တွေ ကို ဘာကပိုင်ဆိုင်တယ်လို့ မြင်သလဲ?

**ဖြေ** လူငယ်ဆိုတာ အတိတ်ရဲ့မျက်မှောက်ရင်သွေး၊ အနာဂါတ်ရဲ့ ဖခင်တွေပါ။ လူကြီးတွေရဲ့ကိုယ်တွေ့ဖြတ်သန်းမှု အတွေ့ အကြုံ အားသာချက်ကိုလေးစား အတုယူရမယ်။ အားနည်းချက်ကို သင်ခန်းစာယူရမယ်။လူကြီးကလူငယ်ကိုတွဲခေါ် ထိန်းကွပ်ပေးရမယ်။ လုပ်ရှားဦးဆောင်ရမှာက လူငယ်ပေါ့။

**မေး** တချို့လူကြီးတွေလူငယ်အပေါ် သိပ်အားမရ တာတွေရှိတယ်။ အရင်ခေတ်ကလူကြီးတွေနဲ့စာရင် ကနေ့လူငယ်တွေ လေး နက်မှု၊ စူးစိုက်မှု၊ စိတ်ပါ လက်ပါလုပ်ကိုင်မှု၊ ထိရောက် စွာလေ့လာမှု စတာတွေမှာအားနည်းလေ့ရှိတယ်။ လူငယ်တွေတိုးတက် ထက်မြက် လာတာက ရုပ်ပိုင်းဆိုင်ရာ၊ ခေတ်ပညာပဲရှိတယ်။ စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် သဘောတရားကဏ္ဍမှာ သိပ်အားမရဘူးလို့ပြောတယ်။ အဲ့ဒီအပေါ် ဘယ်လိုတုန့်ပြန်လိုပါသလဲ?



Photo : SHAN

**ဖြေ** ယေဘုယျအားဖြင့်မှန်ပါတယ်။ ကျနော်လက်ခံပါတယ်။ ကနေ့လူငယ်ခပ်များများက ဟိုတုန်းက လူကြီးနဲ့စာရင် နိုင်ငံရေးနိုးကြားမှုအရ အရင်ကလိုသိပ်မတက်ကြွဘူးပေါ့။ ဒါပေမယ့် လူငယ်တွေမှာ ပင်ကိုယ်မျိုးဆက်ရှိပြီးသား။ နိုးကြားမှု၊ ဖြတ်လတ်မှု ရှိပြီးသားပါ။ ဘေးပတ်ဝန်းကျင်ရဲ့ပျိုးထောင်မှု၊ မြေဩဇာသွန်းလောင်း ပေးမှုကလည်းအားနည်းတာကိုး။ဒါကြောင့် လူငယ်တွေဟာ မျိုးစေ့



INDP 228.pmd 36 12/5/2006, 10:22 AM

ကျွန်ုပ်တို့အမျိုးသားအသီးသီးတို့သည် သီးခြားလွတ်လပ်ရေးကိုရယူနိုင်ခြင်း၏အဓိပ္ပါယ်ပြည့်ဝမှုကိုဖော်ပြပြီး တန်းတူရည်တူပူးပေါင်းသောပြည်ထောင်စုစနစ် တည်ဆောက်ရေးကိုဦးတည်ခဲ့ကြသည်။ပထမပင်လုံညီလာခံနှင့်ဒုတိယပင်လုံညီလာခံသည်သီးခြားတည်ရှိမှုနှင့်တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုစနစ်တည်ဆောက်ရေး၏သင်္ကေတပင်ဖြစ်သည်။ ဒုတိယပင်လုံညီလာခံတွင်ဗိုလ်ချုပ်အောင်ဆန်းနှင့်မဆွေးနွေးမီ ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များသည် ညှိနှိုင်းသဘောတူ၍“ ဗမာလူမျိုးများနှင့်အတူ လွတ်လပ်ရေးရယူပါက ဗမာလူမျိုးများရရှိသောအခွင့်အရေးအားလုံးကို တန်းတူရည်တူရရှိစေရမည်။ ပြည်ထောင်စုထဲမှ မိမိတို့ဆန္ဒအလျောက်လွတ်လပ်စွာခွဲထွက်ပိုင်ခွင့်ရှိစေရမည်။” ဟူသောအဓိက အချက်ကြီးနှစ်ချက်နှင့် အခြားအချက်အလက်များကိုချမှတ်ခဲ့ကြပြီး ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သမိုင်းဝင် **“ပင်လုံစာချုပ်”** ကိုလက်မှတ်ရေးထိုးခဲ့သည်။ ပင်လုံညီလာခံမှသဘောတူညီချက်များကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၁၀)၊ ပုဒ်မ (၂၀၁) နှင့် (၂၀၂) တို့အရ **“၁၀နှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ခွဲထွက်နိုင်ရန်ပြည်နယ်တိုင်းတွင် အခွင့်အရေးရှိရမည်”** ဟူ၍တိတိကျကျ ရေးဆွဲပြဌာန်းခဲ့သည်။

ပင်လုံစာချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အဓိကအကြောင်းအရာအဖြစ်ပါဝင်သည်မှာ သီးခြားဖြစ်တည်မှုနှင့် တန်းတူရေးအပေါ်အခြေခံသောပြည်ထောင်စုဖွဲ့စည်းရေးပင်ဖြစ်သည်။ တန်းတူရေးအပေါ်အခြေခံ၍ ပြည်ထောင်စုဖွဲ့စည်းရေးကို သဘောတူညီသောအခါနှင့် ဖွဲ့စည်းသောအခါတို့တွင် ခွဲထွက်ခွင့်ပုဒ်မကို အတိအလင်းပြဌာန်းခြင်းသည် သီးခြားဖြစ်တည်မှု၏အဓိပ္ပါယ်ကိုဖော်ညွှန်းခြင်းပင်ဖြစ်သည်။ထိုကဲ့သို့နက်ရှိုင်း၍ပြဿနာဖြစ်ဖွယ်ရှိသော ခွဲထွက်ခွင့်နှင့်တန်းတူရေးကို အဘယ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့်လက်ခံ၍ ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ရသနည်း။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးစီးရေးဆွဲပြီး (ဖဆပလ) ပြင်ဆင်မှုညီလာခံကြီးတွင်အတည်ပြုပြဌာန်း၍ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီးနောက် ဦးချန်ထွန်း ဦးစီးရေးဆွဲသောနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အဘယ်ကြောင့်ပြဌာန်းခဲ့ရသနည်း။ ယင်းကဲ့သို့ဖြစ်လာရခြင်းသည် သမိုင်းစဉ်ဆက်အရ ရခိုင်၊ ရှမ်း၊ ကရင်၊ ကရင်နီ၊ ကချင်၊ ချင်း၊ မွန်၊ ဗမာ စသော အမျိုးသားအသီးသီးတို့သည် သီးခြားလွတ်လပ်သောလူမျိုးများဖြစ်ပြီး လွတ်လပ်ရေးရယူသောအခါ သီးခြားတည်ရှိမှုရှိကြောင်းကို အောင်ဆန်း– အက်တလီ စာချုပ်က သက်သေထူနေပါသည်။

အောင်ဆန်းအက်တလီစာချုပ်အရ သမိုင်းဝင်ပင်လုံညီလာခံကြီး ဖြစ်ပေါ်လာခဲ့၍ ပင်လုံစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ကြသည်။ ထိုမှတဆင့် အမျိုးသားအသီးသီးတို့သည် မိမိတို့၏သဘောဆန္ဒအရ တန်းတူရေးအပေါ်အခြေခံ၍ ပြည်ထောင်စုနိုင်ငံတခုတည်းကို အတူတကွထူထောင်ကြမည်။သို့သော်တန်းတူမှုမရှိဟုယူဆသည်ဖြစ်စေပြည်ထောင်စုအဖွဲ့ဝင်ထက် သီးခြားလွတ်လပ်စွာထူထောင်ခြင်းက ပို၍ကောင်းကျိုး

ကောင်းပါလျက်နဲ့ရေခံမြေခံမကောင်းလို့ လောင်းရိပ်မိနေကြတယ်။ တတ်သိပညာရှင်တွေ၊ ထက်မြက်တဲ့နိုင်ငံရေးသမားတွေက လူငယ်တွေအတွက်မြေသြဇာကောင်းပါ။ တိုင်းရင်းသားလူငယ်တွေဟာ မျိုးစေ့ကောင်းတွေပါ။ တောင်တန်းသားဆိုတဲ့အသိစိတ်ဓါတ်က ရှိပြီးသားပါ။ ဒီမျိုးစေ့တွေ ရှင်သန်ပေါက်ဖွားနိုင်အောင်သွန်းလောင်းပေးဖို့ မြေသြဇာလိုပါတယ်။

**မေး** သျှမ်းခေါင်းဆောင်တွေအဖမ်းခံရပြီးနောက် လူငယ်တွေရဲ့လှုပ်ရှားမှုကငြိမ်သက်သွားပြီလို့မဆိုနိုင်ဘူးလား? နိုင်ငံရေးသေသွားပြီလို့မဆိုနိုင်ဘူးလား?

**ဖြေ** ဖြစ်ဖြစ်ချင်းတော့ လုံခြုံရေးအရငြိမ်သက်ခဲ့တာပေါ့။ ဒါပေမဲ့နောက်တော့မဆုတ်ဘူး။ စုစည်းမှုပြန်ယူပြီးတော့ အရှိန်ရအောင်တဖိုလ်ကျ တဖိုလ်တက်ဆက်လုပ်မှာဘဲ။ နောက်မျိုးဆက်သစ်တွေကို ကျနော်တို့ဆက်ပျိုးထောင်ရမယ်။ နိုင်ငံရေးကလုံးဝမသေပါဘူး။ ယာယီအင်အားလျော့ကျချို့တဲ့သွားတဲ့သဘောပါ။ မီးခဲပြာဖုံးအဆင့်ပြန်ရောက်သွားတာပေါ့။တချို့အားနည်းချက်လည်း ကျနော်တို့သင်ခန်းစာယူနိုင်တယ်လေ။အထဲကလုပ်တာနဲ့၊ အပြင်ကလုပ်တာချိတ်ဆက်ပြီးပူးပေါင်းဆောင်ရွက်သွားရမယ်။ အရှိန်ရတာနဲ့ အတိုင်အဖောက်ညီညီလုပ်သွားရမယ်။အထဲမှာလည်းအနေအထားအမျိုးမျိုးနဲ့ကျနော်တို့ငုတ်လျှိုးထားတယ်။ မလိုအပ်တဲ့ဆုံးရှုံးမှုတွေဖြစ်မှာ စိုးလို့အသင့်အနေအထားအတွက်ပြင်ဆင်ထားတယ်။

**မေး** သျှမ်းအဖွဲ့ခေါင်းဆောင်တွေရဲ့အရည်အချင်း၊ အတွေး အခေါ်၊ သဘောထားစတာတွေနဲ့ပတ်သက်လို့ အဓိကဘာအားနည်းချက်တွေရှိတယ်လို့ မြင်ပါသလဲ?

**ဖြေ** တပ်ပေါင်းစုဖြစ်ဖို့ မချိတ်ဆက်နိုင်တာတွေဟာ အဓိကအားနည်းချက်ဘဲ။ သိတဲ့အတိုင်းဘဲ လုပ်လိုက်တာနဲ့ နအဖက တအားဖြိုခြောက်ထားတော့ သိပ်ကြောက်တာတွေလဲပါတာပေါ့။ နောက်ပြီးသူတို့ထဲမှာကိုယ်၌က မြို့ပေါ်မှာရနေတဲ့စည်းစိမ်တွေနဲ့ ပျော်မွေ့နေတာတွေလဲပါတာပေါ့။ ဒါတွေကအပစ်ရပ်အဖွဲ့ပေါင်းစုံပါဘဲ။ ကနေ့တောပြန်ခိုမယ်ဆိုရင် တောထဲမှာအိပ်ရမယ်။ ဒီဘဝကို သူတို့ပြန်မရောက်ချင်ကြတော့ဘူးလေ။ အပစ်ရပ်သျှမ်းခေါင်းဆောင်တွေထဲမှာ ဗိုလ်ချုပ်ဆေထဲန် ဆိုရင်တော်လဲတော်တယ်။ တပ်အပေါ် သြဇာညောင်းပြီး နိုင်ငံရေးလည်းအားသန်တယ်။ အတွေ့အကြုံများတယ်။ ဒါကြောင့်သူ့ကို နအဖ ကဖမ်းတာ။ ၂၀၀၄ နှစ်ဆန်းပိုင်းမှာ ဆုံးသွားတဲ့ SSNA ခေါင်းဆောင် ဗမက–ကဏ်းယွက်လဲ အင်မတန်တော်ပါတယ်။ ရေရှည်အမြင်ရှိတယ်။ သူဆုံးသွားလို့သာ ကန္တတို့၊ ကုံခေး တို့လက်နက်ချသွားတယ်လို့ပြောနိုင်တယ်။ဒါတွေဟာသိပ်နစ်နာတယ်။ လက်ရှိခေါင်းဆောင်တွေထဲမှာ စဝ်ကိုင်ဖ ဆိုရင် မြောက်ပိုင်း SSA ကို ကူထိန်းထားပေးရတယ်။စိတ်ဓါတ်အရခိုင်မာပေမယ့် နအဖ ဘက်က အဖက်ဖက်မှာတပန်းသာနေတော့ သူတို့ဖိအားပေးတာခံနေရလို့ တောင့်ခံနေရတယ်။



INDP 228.pmd 37 12/5/2006, 10:22 AM

ဖြစ်ထွန်းမည်ဟုယူဆသည်ဖြစ်စေ၊ ပြည်ထောင်စုမှလွတ်လပ်စွာခွဲထွက်ပိုင်ခွင့်ရှိစေရမည်ဟူသောရည်ရွယ်ချက်သည် နိုင်ငံရေးအရအာမခံချက်ဟုဆိုရမည်ပင်ဖြစ်သည်။ တနည်းအားဖြင့် သမိုင်းစဉ်ဆက်အရ သီးခြားလွတ်လပ်သောအမျိုးသားနိုင်ငံတော်များအဖြစ် ရပ်တည်နိုင်သည်ဟူ၍ အောင်ဆန်း–အက်တလီစာချုပ်ကိုကိုင်တွယ်ပြခြင်း ပင်ဖြစ်သည် ဟုမြင်သည်။

ကျွန်ုပ်တို့၏ပန်းတိုင်သည် ဒီမိုကရေစီရေးနှင့်တန်းတူရေးဖြစ်သည်။ ကျွန်ုပ်တို့၏တိုက်ပွဲသည် ဒီမိုကရေစီ ရရှိရေးတခုတည်းမဟုတ်ပေ။ အမျိုးသား အသီးသီးတို့၏ နိုင်ငံရေးအရ တန်းတူရေးကိုပါတပြိုင်နက်တည်းဖေါ်ဆောင်မှသာလျှင်ပြည့်စုံမည်ဖြစ်သည်။ မြန်မာနိုင်ငံပကတိအခြေအနေအရ ဒီမိုကရေစီရေးနှင့်တန်းတူရေးသည် ဒင်္ဂါးတစ်ပြား၏ခေါင်းနှင့်ပန်းသဖွယ် ဆက်စပ်နေသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့်ဒီမိုကရေစီရေးနှင့်အတူ တဆက်တည်းဆောင်ရွက်ရမည့် တန်းတူအခွင့်အရေးမရှိလျှင် ကျွန်ုပ်တို့အတွက် ပန်းတိုင်မရောက်သေးဟုဆိုရမည်ဖြစ်သည်။ ယင်းကဲ့သို့တန်းတူရေးမရှိလျှင် ညီညွတ်ရေး ဟူသည်ရှိမည်မဟုတ်ပေ။ညီညွတ်ရေးမရှိလျှင်ငြိမ်းချမ်းရေးဟူသည်လည်း မရှိစကောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပညာရေး စသည်များချွတ်ခြုံကျကာ ပြာပုံဘဝမှာပင်နေရမည်မှာ သေချာသည်။ ယင်းကဲ့သို့ကြမ္မာတပတ်လည်လာလျှင် အနီ စစ်တပ်အုပ်စုသည် တိုင်းပြည်ကိုလက်နက်မိုး၍အုပ်ချုပ်လာမည်။ ထိုအခါ ဒီမိုကရေစီနှင့်အတူ လူ့အခွင့်အရေးများဆိတ်သုဉ်း၍ တိုင်းပြည်မှာ ဆင်းရဲမှုသံသရာတွင်ကျင်လည်ကာ ကျွန်ပြုခံအမျိုးသားအသီးသီးတို့၏ လက်နက်ကိုင်တော်လှန်ရေးမှာ အရှိန်ပြင်းထန်လာပြီး ပြည်တွင်းစစ်မီးသည်လည်း ပိုမိုတောက်လောင်ကာ အာဏာရှင်စနစ်သည်သာလျှင် ရှင်သန်ကြီးထွားလာမည်မှာသေချာသည်။

ထိုကဲ့သို့ အခြေအနေမျိုးမရောက်အောင် မြန်မာနိုင်ငံ၏ ပကတိ တည်ရှိနေသော ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းသာလျှင် ကျွန်ုပ်တို့ပြည်သူလူထု၏ စိုးရိမ်ကြောင့်ကြမှုများပပျောက်၍ သာယာငြိမ်းချမ်းမှုများရှိလာပေမည်။ ထို့ကြောင့်သီးခြားလွတ်လပ်မှု၏ တည်ရှိမှုအရ အခြားခြားသောအမျိုးသားများကို အနိုင်ကျင့်စော်ကားခြင်း၊ ကျွန်ပြုခြင်းသည်သမိုင်းတကွေ့တွင် တန်ပြန်သက်ရောက်မှု ရှိတတ်သည်ကိုသတိပြုသင့်သည်။အထူးသဖြင့်ပြည်ထောင်စုတည်တံ့ရေးကို လက်နက်အားကိုးဖြင့် အကြမ်းဖက်တည်ဆောက်ခြင်းနှင့် အမျိုးသားအသီးသီးတန်းတူမှုမရှိခြင်းသည် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးထက် စစ်မီးများတဟုန်းဟုန်းတောက်ကာ ပြည်ထောင်စုကြီးအစိတ်စိတ်အမွှာမွှာဖြစ်ရေးသို့ ဦးတည်သွားမည်မှာသေချာသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းသည် ပြည်ထောင်စုတည်ဆောက်ရေးကို တန်းတူမှုအပေါ်တွင် အခြေမခံသောကြောင့်ဖြစ်ပေါ်လာရသောအကျိုးဆက်ဖြစ်ပါသည်။

ခိုင်လင်း (မေဃဝတီ)

**မေး** UNကဆုံးဖြတ်လမ်းညွှန်ထားတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ခဲ့ရင် တိုင်းရင်းသားအုပ်စုအတွက် လူငယ်တွေအနေနဲ့ ဘာပြင်ဆင်မှုတွေလုပ်ထားသလဲ?

**ဖြေ** လူကြီးတွေအဓိကလုပ်ရမှာပေါ့။လူငယ်တွေကဝန်းရံပေးရမယ်။လူကြီးတွေအထိမခံပါနဲ့။ လူငယ်ပဲပဲအထိခံမယ်။ သတိနဲ့လုပ်ဖို့တော့လိုတယ်။

**မေး** ပြည်ပမှာတော့ တိုင်ရင်းသားများကောင်စီ ENC ဆိုပြီးUNLD, NDF နဲ့အခြားအဖွဲ့အစည်းတွေ ပူးပေါင်းဖွဲ့စည်းခဲ့ကြတယ်။ သုံးပွင့်ဆိုင်အတွက်ပြင်ဆင်ထားတဲ့သဘောပေါ့။ ပြည်တွင်း လူငယ်တွေ အဲဒီကဏ္ဍအတွက်ဘာတွေလုပ်ထားတာရှိသလဲ?

**ဖြေ** ပြည်တွင်းမှာလည်း UNLD, UNA ရှိတယ်လေ။ တိုင်းရင်းသားတပ်ပေါင်းစုပေ့ါ။ ၁၉၉၀ ရွေးကောက်ပွဲ ၂၅% ရာနှုန်းနိုင်ထားတယ်လေ။ တသီးပုဂ္ဂိုလ်နိုင်ငံရေးသမားတွေလည်းရှိတယ်။ လူကြီးတွေရဲ့ချိတ်ဆက်မှု၊ စုစည်းမှုကို လူငယ်တွေက လုပ်ပေးတာပါ။

**မေး** နိုင်ငံရေးအခြေခံရပြီး စိတ်ဝင်စားတဲ့လူငယ် အနည်းစုလောက်ပဲ အဲဒီကဏ္ဍအဆင့်ကို မှီတယ်မဟုတ်လား? လူငယ်အများစုကသိပ်မသိကြဘူးမှတ်လား?

**ဖြေ** မသိသေးတဲ့လူငယ်တွေကိုစည်းရုံးတွဲခေါ်နေပါတယ်။ တိုက်ရင်း စည်းရုံးတဲ့အနေအထားပေါ့။

**မေး** သျှမ်း၊ ကရင်၊ ကရင်နီ၊ မွန်၊ ချင်း စတဲ့ပြည်ထောင်တွေအတွက်တော့ပထမမူကြမ်းအခြေခံဥပဒေတွေရေးပြီးပြီလို့ကြားတယ်။ ဗမာပြည်နယ်အတွက်ကတော့ လုံးဝမစရသေးတဲ့အပေါ်မှာကော?

**ဖြေ** ဗမာပြည်နယ်လုပ်လိုက်ရင် သူတို့သမိုင်းတရားခံဖြစ်သွားမလားဆိုပြီး လက်ရှောင်နေကြသလားမသိဘူးလေ။ ဗမာပြည်နယ်အခြေခံဥပဒေရေးဆွဲဖို့ လေ့လာရေးအဖွဲ့ Burmar State Constituion Study Group တော့ လုပ်ထားတယ်လို့ကြားတယ်။ ပြည်မက NLD အမတ်တွေများများ ပါဖို့တော့လိုတာပေါ့။ ဒါကမူကြမ်းဘဲကိုး။ သူတို့ကိုအကြံပြုရမယ်။ မူအားဖြင့်လက်ခံတယ်ဆိုရုံလောက်နဲ့ လက်ရှောင်နေလို့မဖြစ်ဘူးလေ။

**မေး** **ရပလ** ကြောင့်သျှမ်းပြည်ဟာအင်္ဂလိပ်ကျွန်ကနေ ဗမာကျွန်ဖြစ်သွားတယ်ဆိုတဲ့ တချို့အမြင်အပေါ်မှာကော?

**ဖြေ** **ရပလ** ခေါင်းဆောင်တွေ ဗိုလ်ချုပ်အောင်ဆန်းကို လုံးဝပုံမအပ်ဘူးဆိုရင် သျှမ်းပြည်ဟာ မလေးရှား၊ ဘင်္ဂလားဒေ့ရှ် ပုံစံမျိုးဖြစ်ကောင်း ဖြစ်လာနိုင်မှာပါ။ ❑



INDP 228.pmd 38 12/5/2006, 10:22 AM



# မွန်တို့နိုင်ငံဆုံးပါးရပုံ

ဗမာတို့လက်တွင်း အယုဒ္ဓယနေပြည်တော်ဆုံးပါးကျရောက်ခဲ့စဉ်ကာလက ထိုင်းရာဇဝင်များတွင် ဗမာဘုရင်အား လျှာမဲဟံသာဝတီမင်း ဟု ခေါ်ဝေါ်သမုတ်ခဲ့၏။

အမှန်ဆိုလျှင် ထိုခေတ်က အယုဒ္ဓယနိုင်ငံတော်အား စစ်ပြုခဲ့သည့်ဗမာဘုရင်မှာ နှစ်ပါးရှိလေသည်။ တဦးဆုံးမှာ တပင်ရွှေထီးဖြစ်၍ နောက်ဒုတိယတစ်ပါးကား ဘုရင့်နောင်ဖြစ်သည်။

သမိုင်းပညာရှင်များရာဇဝင်ကိုပီပြင်စွာရှင်းချက်ထုတ်မှုအရ လျှာမဲဟံသာဝတီမင်းမှာ သုဝဏ္ဏကေဆဒ္ဒဘွဲ့တော်ရ တကိုယ်တော်တည်းတပင်ရွှေထီးမင်းဖြစ်၏။ ခရစ်သက္ကရာဇ် 1414 ခုနှစ် တစ်နေ့သောနံနက်လင်းအားကြီး အချိန်တွင်ဖွားမြင်သည်သည် ဟုအဆိုရှိ၏။ လျှပ်တပြက်အတွင်း ဘုရင့်လက်နက်တိုက်တော်မှ ဓါးသွားလှံသွားများ လျှပ်စီးကဲ့သို့ အရောင်တဖျပ်ဖျပ် တလျှပ်လျှပ်တောက်ပကုန်သဖြင့် ဟူးရားစရိယအမတ်များက ကုမာရကိုယ်တော်လူလားမြောက်လျှင် ကြီးမြတ်သည့် အဂ္ဂဗျူဟာသျှင်ဖြစ်မည်ဟုဟောကိန်းထုတ်ကြသည်။

မင်းကြီးညိုကလည်း သားတော်အိမ်ရှေ့ကိုယ်တော်မြတ်အားကောင်းမောင်းသန် ကြံ့ခိုင်စေရန် ပျိုးထောင်လမ်းခင်းပေးခဲ့၏။ ခမည်းတော်နတ်ရွာစံသည်နှင့် တောင်ငူနေပြည်တော်ကို တပင်ရွှေထီး အခန့်သားနန်းတက်ပြီး သွေးသောက်ရဲဘော်တိုက်ဖေါ်စစ်ကဲကြီး တဖြစ်လဲ အကြံပေးအရာရှိ ရှင်ရဲထွေ့ကလည်း အတူရှိနေခဲ့သည်။

ထိုစဉ်က ဗမာတို့၏တောင်ငူပြည်မှာ နယ်ပယ်ကလေးတခုမျှသာဖြစ်သေး၏။ မွန်နှင့်သျှမ်းတို့၏တိုက်ခိုက်မှုကိုမကြာခဏခံရ၏။ ခမည်းတော်ပဏိဓါန ရည်သန်အားခဲခဲ့သော ဗမာနိုင်ငံတော် တပေါင်းတစည်းအဖြစ်စုရုံးစေမည့် ဦးတည်ချက်ကို တပင်ရွှေထီးကဆက်လက်ကြံစည်ဖေါ်ကျူးတော့သည်။

မွန်တို့တွင်ကြီးမားသောတပ်တော်ကြီးရှိနေသည်သာမက ပေါ်တူဂီစစ်သားတို့၏ သေနတ်အမြောက်များလည်းမွန်တို့ဘက်တွင် ရှိနေမှန်းသိလျက်နှင့် ဤသံဓိဌာန်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဗမာရာဇဝင်လာအဖြစ်သနစ်ဇာတ်ကြောင်းများအရ စစ်ပွဲ၏အနိုင်အရှုံး အဆုံးအဖြတ်သည် အင်အားနည်းမှု၊ များမှုများ အပေါ်အတွင်မူတည်ခြင်းမဟုတ်။ သတိပညာစစ်ရေးကျွမ်းကျင်မှုနှင့် စိတ်ဓါတ်အင်အားနှလုံးသားအရွယ်အစားတို့သည်သာအဆုံးအဖြတ်ဖြစ်ကြောင်း ညွှန်ပြခဲ့ပြီးဖြစ်သည်။

ထိုအတောအတွင်း တိုက်ဖေါ်စစ်ကဲကြီး ရှင်ရဲထွေ့သည် ဘုရင့်အစ်မတော်နှင့် လျှို့ဝှက်ဆက်ခံမှုရှိနေကြောင်းသတင်းထွက်ပေါ်လာ၏။

ဤဖြစ်ရပ်သည် နန်းတွင်းတော်ဝင်ဥပဒေသအတိုင်းဆိုလျှင် ဦးခေါင်းနှင့်ကိုယ်ခန္ဓာ အိုးစားကွဲရန်သာရှိ၏။ သို့သော်တပင်ရွှေထီးက မည်သို့မျှအပြစ်မယူသည့်အပြင် ရှင်ရဲထွေ့အား ကျော်ထင်နော်ရထာဘွဲ့တော်ကိုပင်ချီးမြှင့်လိုက်သေးသည်။ နောက်ပိုင်းဘုရင့်ယောက်ဖတော်အဖြစ်ဘုရင့်နောင်ဟူ၍ပင် ထင်ပေါ်ကျော်ဇောလာခဲ့သည်။

အင်းဝနေပြည်တော်မှ သျှမ်းမင်းများက အချင်းချင်းခွက်စောင်းခုတ်အာဏာလုပွဲလုပ်လေ့ရှိသည့် အရိုးစွဲအကျင့်ဓလေ့ကို သိရှိဖူးသဖြင့် တပင်ရွှေထီးမည်သို့မျှမဖြုံ။ အနောက်ဖက်ဒေသ ပုသိမ်သို့ဦးစွာချီတက်သိမ်းပိုက်လိုက်၏။ ၎င်းနောက် အရှေ့တောင်ဖက်သို့စစ်ချီပြီး ပင်လယ်ဆိပ်ကမ်းမြို့အချို့ကိုအောင်နိုင်ပြန်သဖြင့် တိုင်းတပါး မျက်နှာဖြူများထံမှ စွမ်းပကားထက်မြတ်သော သေနတ်လက်နက်များဝယ်ယူစုဆောင်းနိုင်ခဲ့၏။ဤတွင်မွန်တို့ဌာနေဟံသာဝတီသို့ဦးလှည့်တော့သည်။

ဟံသာဝတီကို ခရစ်နှစ် 1534-1535-1536 များတွင်သုံးကြိမ်သုံးခါတိုင်တိုင်စစ်ချီကျူးကျော်တိုက်ခိုက်သော်လည်း မနိုင်နိုင်သဖြင့် တပင်ရွှေထီးက ဥပါယ်ပရိယာယ်တမျိုးတဖုံပြောင်းလဲလိုက်ပြန်သည်။

ဟံသာဝတီမွန်တို့နေပြည်တော်တွင် ဗျူဟာပညာကျွမ်းကျင်သည့် စစ်ရေးစစ်ရာစီမံကွပ်ကဲသူ သေနာပတိကြီးနှစ်ဦးရှိ၏။ တပင်ရွှေထီးကမိမိ၏လျှို့ဝှက်အထောက်တော်အား စာချွန်လွှာပို့ ဆက်သားအဖြစ်ပုံဆောင်စေ၍ အနီးသေနာပတိ နှစ်ဦးထဲစေလွှတ်လိုက်သည်။ စာချွန်လွှာပါအနှစ်သာရအကြောင်းအရာကား–

“စိတ်ချယုံကြည်ရသော သွေးသောက်အဆွေတော်တို့၏ တင်ပြတောင်း ဆိုချက်ကို အကျွန်ုပ်ဝမ်းမြောက်စွာလက်သင့်ခံပါသည်။ အဆွေတော် တို့၏အကူအညီဖြင့် ကျွန်ုပ်တို့အောင်ပွဲရပြီးသောအခါ အဆွေတော် တို့၏ အာသီသဆန္ဒအတိုင်းကေန်ဆုလာဘ်တော်ချီးမြှင့်မည်ဖြစ်သည်” ဟူသတည်း။

စာချွန်လွှာပို့လျှို့ဝှက်အထောက်တော်များက အဖမ်းခံရစေရန်တမင်တကာကြံစည်၏။ ထိုစာချွန်လွှာလည်းသေနာပတိနှစ်ဦးထံမရောက်တော့ပဲ ဟံသာဝတီဘုရင်လက်တွင်း သက်ဆင်းမိလျက်သားဖြစ်သွားတော့၏။၎င်းသတင်းစကားချဲ့ကားသွားသည့်အချက်ကား– သေနာပတိနှစ်ဦး အာသီသဆန္ဒရှိသောဆုလာဘ်တော်ဆိုသည်မှာ မုတ္တမမြို့စားနှင့် ပဲခူးမြို့စား ပိုင်စားပိုင်စေဖြစ်ကြောင်းပြောဆိုကြသည်။

ရာဇဂုရုမင်းဆရာဖြစ်ခဲ့ကြဘူးသူ သစ္စာတည်ကြည်ဖြောင့်မတ်သောသေနာပတိနှစ်ဦး၏ သံတော်ဦးတင်လျှောက်လဲရှင်းလင်းချက်ကိုဟံသာဝတီဘုရင်နားမဝင်တော့။ ဒေါမာန်ဟုန် ဟုန်းဟုန်းတောက်သည့် “ချက်ချင်းခေါင်းဖြတ်သတ်စေ” ဘုရင့် အမိန့်တော်ကြောင့် မင်းမှုထမ်းတို့ကလည်းတုန်တုန်ရီရီဖြင့် လက်တုန့်မနှေးသေဒဏ်ပေးလိုက်ကြတော့သည်။ ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲမည်ကို စိုးရွံ့ကြသောကြောင့် မည်သူမျှ စောဒက မတက်ရဲကြတော့ပေ။

ဗမာတို့တွင် စစ်အင်အားနည်းပါးသော်လည်း စစ်သည်ဗိုလ်ပါစစ်မှူးစစ်ကဲတို့ကဘုရင်ကိုချစ်ကြောက်ရိုသေကြ၏။ဘုရင်ကလည်း စစ်မှူးစစ်ကဲတို့အား တန်ဖိုးထား၏။ ဗျူဟာဝိနည်း စစ်စည်းကမ်းလည်းသေဝပ်ကြသည်။ တိုက်ရည်ခိုက်ရည်ပြည့်ဝကြသည်။ တိုက်ပွဲအတွက်နှလုံးသားကိုပေးဆပ်ဝံ့ကြသည်။ တချိန်တည်းမှာပင် မွန်တို့တွင် စစ်တပ်အင်အားကြီးမားသော်လည်းမွန်ဘုရင်၏နှလုံးသားအရွယ်အစားမှာလွန်စွာသေးမွှားလှ၏။ ဥပါယ်ပရိယာယ်နှင့်ကြုံပြီး သေနာပတိစစ်ကဲကိုသတ်ရက်သည်။

ခရစ်သက္ကရာဇ် 1541 ခုနှစ် မွန်ဗမာစတုတ္ထစစ်ပွဲတွင် မျှားတစ်စင်းမှမကုန်ဘဲ တပင်ရွှေထီးက ဟံသာဝတီကို အောင်နိုင်တော်မူသည်ဟု– ဗမာရာဇဝင်က ရေးသားခဲ့လေသည်။

ကိုလေင်းပရလောင်းချိန်င်း (စာမျက်နှာ 3)
ထိုင်းရတ်နေ့စဉ်သတင်းစာ (13/12/2005)



Photo : SSA

ပၢင်ပွႆးၶုပ်ႇတွၼ်းပီမႂ်ႇတႆး ဝၼ်းထိ **19–20/11/2006** တီႈလွႆတႆးလႅင်း ငဝ်ႈလိုင်ႈတပ်ႉသိုၵ်းလိုင်ႈတႆးပွတ်းလၢၼ်း

ပၢင်သွၼ်ၵၢၼ်ၶၢဝ်, ၼိူင်းမိူင်းမၢၼ်ႈ

မြန်မာ့သတင်းစာပညာ သင်တန်း




Credit : U Kyaw Zan Tha (BBC)


S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org